
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀

http://www.thitsarparamisociety.com/




# ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်တံခါးဝနားရပ်နေပြီ

(၁၇.၆.၆၂)

၆၈

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၁)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ ၌
ဟောကြားသော တရားတော်

# ဖြစ်ပျက်မြင်ရင်

# နိဗ္ဗာန်တံခါးဝနား ရပ်နေပြီ

(၁၇-၆-၆၂)

THITSARPARAMI LIBRARY
Date..........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၁) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

စာမူခွင့်ပြုချက် အမှတ် (၅၆/၉၆) (၄)

အုပ်ရေ - ၅၀၀၀

**ထုတ်ဝေသူ** - ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** - ဦးဉာဏ်အောင်စိုး (မြဲ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်၊ အမှတ်(၉၂)၊
ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ကျားမင်း၊အမှတ်(၉၂)၊ကမ္ဘောဇလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၂၄၆၅၀၈ - ၅၃၂၉၅၄

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌
ဟောကြားသော တရားတော်

# ဖြစ်ပျက်မြင်ရင်

# နိဗ္ဗာန်တံခါးဝနား ရပ်နေပြီ

(၁၇-၆-၆၂)

အမြဲပဲ သုံးသပ်ပါတယ်၊ အဲဒီ...သုံးသပ်တဲ့အခါကျတော့ ဩော်...အဝိဇ္ဇာ သင်္ခါရဟာ အစ,ပဲလို့ သူ သိလို့ အင်မတန် ဝမ်းသာတယ်နော်...။ (မှန်ပါ)။

အဝိဇ္ဇာ သင်္ခါရဟာ...(အစ,ပါဘုရား)၊ အစ,ပဲလို့ သိလို့ အားကြီး ဝမ်းသာတယ်၊ ဩော်...အဝိဇ္ဇာနဲ့သင်္ခါရဟာ တကယ်ဆိုးတဲ့ တရားပါကလား၊ သတ္တဝါတွေ အိုဘေး၊ နာဘေး၊ သေဘေး၊ ချောက်တွန်းနေတာ သူတို့နှစ်ခုပဲလို့ မှန်မှန်ကန်ကန်သိလာတဲ့အတွက် အင်မတန် ဝမ်းသာရတယ်...။ (မှန်ပါ)။

နောက်တစ်ခါ ပြန်တွေးပြန်တယ်၊ ဒီ အိုဘေး၊ နာဘေး၊ သေဘေးချုပ်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ၊ လောကကြီးထဲမှာ အိုတာ၊ နာတာ၊ သေတာတွေ ဒကာ ဒကာမတွေ

http://www.thitsarparamisociety.com/


သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေနဲ့ ရှုပ်ပွေလိမ်ပြီး သကာလ အမျိုးမျိုး လူပုံအလယ် အရှက်ကွဲ ငိုချင်းချ၊ မြေပေါ်ပစ်လှဲလိုက်၊ ရောဂါဝေဒနာတွေရလိုက်၊ အရှက်တကွဲ အကျိုးနည်းကိစ္စကြီး ဘယ်လိုဇာတ်သိမ်းရပါ့မလဲ...လို့ သူ့ဟာသူ ဆင်ခြင်လိုက်ပြန်တော့၊ ဩော်...အစဉ်အတိုင်း တွေးလိုက်တော့ ဇာတိချုပ်ရင် သူ ချုပ်မှာပဲ...။ (မှန်ပါ့)၊ ဒီဇာတိဆိုတာလဲ အဝိဇ္ဇာ သင်္ခါရကလာတာဖြစ်လေသော ကြောင့် မောင်နိုင်ရေ...အဝိဇ္ဇာသင်္ခါရချုပ်မှ ချုပ်မယ်လို့ တွေးမိတယ်...။ (မှန်ပါ့)၊ ဒီတွင်လဲ ဝမ်းသာပြန်တယ်။

ဘယ်နှစ်ချက် ရှိသွားပလဲ ဝမ်းသာတာ...(နှစ်ချက် ရှိသွားပါပြီ ဘုရား)။

အဖြစ်သိရလို့ ဝမ်းသာတာ တစ်ချက်နော်...။ (မှန်ပါ့)၊ အချုပ်သိရလို့...(ဝမ်းသာတာတစ်ချက်ပါဘုရား)။

ဒီနှစ်ချက်လဲသိပြီးပါရော အားလုံးတရားနာကြတဲ့ ဒကာ ဒကာမတွေ အဖြစ်နဲ့ အချုပ်ခန္ဓာ၏ ဖြစ်ပုံကိုလဲ သူ သိတယ်၊ ခန္ဓာကြီးဟာ ဒီလို ဒုက္ခသစ္စာကြီး တန်းပြီး လှည့်နေတာလဲ သူ သိတယ်၊ ၎င်းခန္ဓာကြီးသည်ကားလို့ ဆိုရင် ဒီကနေ ဇာတ်သိမ်းလိုက်လို့ရှိရင်လဲ အရသားပဲ ဆိုတာလဲ သိလိုက် တယ်...။ (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာဖြစ်ကြောင်း၊ ခန္ဓာချုပ်ကြောင်းကို သိလိုက်တာနဲ့ပဲ ဘုရားဖြစ်သွားတယ်...။ (မှန်ပါ့)၊ ဉာဏ်

http://www.thitsarparamisociety.com/


စဉ်တွေ တက်ပြီး ဘုရားဖြစ်ရတယ်...။ (မှန်ပါ့)၊ သဘော ကျပလား...။ (ကျပါပြီ)။

သဗ္ဗညုတဉာဏ် ရလာတယ်၊ ဘုရားအဖြစ်သို့ ရောက် လာတယ်ဆိုတာ ခန္ဓာဖြစ်ကြောင်း၊ ခန္ဓာချုပ်ကြောင်း ပဋိစ္စ သမုပ္ပါဒ်၊ ဒါ နားလည်တော့မှ တစ်ခါတည်း ဘုရားအဖြစ်သို့ ငါ ရောက်ပြီဆိုတဲ့အကြောင်းကို သူသည်...တဲ့၊ ကြော်ငြာ မောင်း ခတ်လိုက်တော့တာပဲ...။ (မှန်ပါ့)။

**အလုံးစုံသိတဲ့ သဗ္ဗညုတဉာဏ်**

ဒါဖြင့် ဒကာ ဒကာမတို့ ၎င်းပဋိစ္စသမုပ္ပါဒ်ဟာ ဘုရား၏ပထမဝမ်းသာမှုလဲ အဖြစ်သိရလို့ ဝမ်းသာမှုနော်...။ (မှန်ပါ့)၊ နောက် အချုပ်သိရလို့...(ဝမ်းသာမှုပါဘုရား)။

နောက်ကျတော့ကို...တဲ့၊ ဒါတွေနှစ်ခုလဲ ပိုင်ပိုင်နိုင်နိုင် သိပါရော...ဝိပဿနာတွေ ရှုလိုက်ပြီးသကာလ...သဗ္ဗညုတ ဉာဏ်ရလာတော့တာပဲ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ အစဉ် အတိုင်းရပြီး သဗ္ဗညုတဆိုတော့ သူက အထူးရတာပေါ့လေ နော်...။ (မှန်ပါ့)၊ သူများကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မောင်နိုင် ဓာတ်သိမ်းတယ်နော်...။ (မှန်ပါ့)။

သူကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အပေါ်မှာ အလုံးစုံ သိတဲ့ သဗ္ဗညုတဉာဏ်ဆိုတာကတော့ တောတောင်တွေ၊

http://www.thitsarparamisociety.com/



ရေမြေတွေနဲ့တကွ သတ္တဝါစရိုက်တွေပါ အကုန်သိတဲ့ ဒီဉာဏ် အထူးရသွားတယ်ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ်ဖြစ်–ချုပ်နားလည်လို့ ဘုရားဖြစ်သွားတယ်လို့ ဆိုထိုက်ပါတယ်...။ (မှန်ပါ့)။

ဒါကြောင့် ဒကာ ဒကာမတို့အိမ်မှာ ဘုရားအနေကဇာတင်တော့ "ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ"လို့ ဘုန်းကြီးတွေ ရွတ်သံ မကြားဘူးလား...။ (ကြားပါတယ်ဘုရား)။

အဲဒါဖြစ်ကြောင်းကို ပထမသိတဲ့ဉစ္စာ ဘုရားဖြစ်ကြောင်း သိလို့ ဝမ်းသာတာမို့ ရွတ်တာလို့ မှတ်လိုက်...။ (မှန်ပါ့)။

နောက်တစ်ခါ "ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ" ဆိုပြီး ဒုတိယတစ်ခါ ပြန်ရွတ်ပြန်တော့ ချုပ်ကြောင်းသိလို့ ဘုရားဝမ်းသာတဲ့ဂါထာ...။ (မှန်ပါ့)။

"ဝိဓူပယံ တိဋ္ဌတိ မာရသေနံသူရိယောဝ ဩဘာသယမန္တလိက္ခ"ဆိုပြီး ရွတ်ပြန်တာက အလုံးစုံသော အဝိဇ္ဇာမှောင်ကြီးကို ရှင်းပြီးသကာလ...သဗ္ဗညုတဉာဏ်အလင်းကိုရပေါ့၊ ဘုရားဖြစ်ပေါ့...ဆိုပြီးသကာလ ရွတ်လိုက်တဲ့ဂါထာဖြစ်လေသောကြောင့် တတိယဂါထာ ဘုရားဖြစ်တဲ့ ဂါထာ.. (မှန်ပါ့)၊ ကိုဝ...ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/



## ဘယ်နှယ်ကြောင့် ဘုရားဖြစ်ပါလိမ့် ?

ဒါဖြင့် ဘုရား ဘယ့်နှယ်ကြောင့် ဘုရားဖြစ်ပါလိမ့်၊ အနီးကပ်ဆုံး အကြောင်းပြောလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းသိလို့ ဘုရားဖြစ်သည်...(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...။ (ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ကြောင်း ချုပ်ကြောင်း သိလို့ပါဘုရား)၊ ဘုရားဖြစ်တယ် နော်...။ (မှန်ပါ့)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ဒါ့ကြောင့် ရတယ်လို့ပဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချလိုက်တာပေါ့...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘုန်းကြီးသည် အလွန်ပဲ စေတနာထက်ထက်သန်သန်နဲ့ ဟောရင်း သောင်တင်နေတယ်ဆိုတာလဲ ကိုပေါ်တို့၊ ကိုစံလှတို့သိပြီ...။ (မှန်ပါ့)၊ ဘာကို သူ အဓိကထားပြီး ဟောနေပါလိမ့်မတုံး... ဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ် လွတ်တဲ့ နေ့ရယ်လို့ မှောင်နိုင်မပါဘူး...။ (မပါ့,ပါဘုရား)၊ ဖြစ်ခြင်း၊ ချုပ်ခြင်းပဲ သိအောင် ပြောနေတာပဲ၊ ရှုလိုက်လဲ မင်းတို့ မြင်စမ်းပါစေကွာ... ဆိုတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုမြင်တဲ့ ပုဂ္ဂိုလ် "ယတော ခေါ ဘိက္ခဝေ အရိယသာဝကော လောက သမုဒယဉ္စ လောက နိရောဓဉ္စ လောက အတ္ထင်္ဂမဉ္စ ယထာ

http://www.thitsarparamisociety.com/


ဘူတံ ပဇာန်ာတိ၊ အယံ ဘိက္ခဝေ အရိယသာဝကော”ဒါ အရိယသာဝကဖြစ်တာပဲတဲ့…။ (မှန်ပါ)။

လောကကြီး၏ဖြစ်စဉ်နဲ့ လောကကြီး၏ချုပ်စဉ်ကို သိလို့ရှိရင် အရိယာတို့၏ တပည့်သား ဖြစ်ပါတယ်…။ (မှန်ပါ)။

လောကကြီး၏ဖြစ်စဉ်နဲ့ လောကကြီး၏ချုပ်စဉ်သိရင် ဘယ်သူ၏တပည့်သားဖြစ်သတဲ့တုံး…။ (အရိယာတို့၏ တပည့်သား ဖြစ်ပါတယ်ဘုရား)။

အရိယာတို့၏ တပည့်သားဖြစ်ပါပြီဘုရားလို့ ရှေးဦးစွာ ဝန်ခံလိုက်တယ်နော်…။ (မှန်ပါ)။

လောကဆိုတာ ဒကာ ဒကာမတွေ သေသေချာချာ မှတ်ပါ၊ စေတနာသုံးတန်ပြဋ္ဌာန်းပြီးသကာလ အင်မတန် စေတနာနဲ့ ပောနေတယ်လို့ မောင်နိုင် မှတ်ပါ…။ (မှန်ပါ)။

ကဲ…လောကဆိုတာ ဘာပါလိမ့်မလဲဆိုတော့ ခန္ဓာလောကကို ဆိုတာ…။ (မှန်ပါ)။

**လောကဆိုတာ ဘာပါလိမ့် ?**

လောကဆိုတာဘာပါလိမ့်…။ (ခန္ဓာလောကကိုဆိုတာပါဘုရား)။

ခန္ဓာလောကကို ဆိုတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားတော့ ခန္ဓာကြီးဟာက ခဏခဏ

http://www.thitsarparamisociety.com/


ပေါ်လာတာဟာ ခန္ဓာလောက…(မှန်ပါ)၊ ခဏခဏချုပ်သွားတာသည် ခန္ဓာလောကချုပ်တယ်…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ခန္ဓာကြီး ခဏခဏပေါ်တဲ့တရားက…(ခန္ဓာလောကပါဘုရား)၊ သဘောကျပလား…။ (ကျပါပြီ)၊ ခန္ဓာကြီး ခဏခဏချုပ်နေတာကတော့ ခန္ဓာလောကချုပ်နေတာ…။ (မှန်ပါ)။

ဒါဖြင့် လောကချုပ်တာနဲ့ လောကဖြစ်တာ သိရတယ်…။ (မှန်ပါ)။

“ယတော ခေါ ဘိက္ခဝေ အရိယသာဝကော လောကဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဘိက္ခဝေ အရိယာသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ…” သူဟာ သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါ၏ကွာတဲ့…။ (မှန်ပါ)။

**သမ္မာဒိဋ္ဌိစစ်စစ်ဖြစ်ပြီ**

လောကဖြစ်တာနဲ့ လောကချုပ်တာကိုသာသိရင် သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါပြီတဲ့…။ (မှန်ပါ)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)၊ ဘာဖြစ်သတဲ့တုံး…။ (သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါတယ်ဘုရား)။

အဲ…ဒါဖြင့် ဒကာ ဒကာမတို့ သေပျော်ပြီ…။ (မှန်ပါ)။

http://www.thitsarparamisociety.com/



မောင်နိုင် ချီးမြှောက် ပြောတယ်လို့ မယူနဲ့နော်...။ (မှန်ပါ့ဘုရား)။

ဘုရားကိုက အခု နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာတဲ့ "အယံဘိက္ခဝေ ဘိက္ခု အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိ" သမ္မာဒိဋ္ဌိနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်အဖြစ်ကိုမှတ်၊ သူ့အပေါ်မှာ တာဝန်ခံပါပြီတဲ့၊ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသွားပြီ...။ (မှန်ပါ့)။

သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသွားပြီဆိုကတည်းက ကိုပေါ်က စဉ်းစား၊ မောင်နိုင်က စဉ်းစား၊ ကိုစံလှက စဉ်းစား၊ မိစ္ဆာဒိဋ္ဌိကြီး မရှိဘူးကွ...။ (မှန်ပါ့)။

ဘာမရှိတာတုံး...။ (မိစ္ဆာဒိဋ္ဌိ မရှိတော့ပါဘုရား)၊ ဒါဖြင့် အပါယ်လွတ်သွားတာပဲ...။ (မှန်ပါ့)။

မောင်နိုင် သေသေချာချာမှတ်ပါ၊ မိစ္ဆာဒိဋ္ဌိမရှိဘူးဆိုတာ အပါယ်လွတ်တာနော်...။ (မှန်ပါ့)၊ မိစ္ဆာဒိဋ္ဌိတော့ ရှိနေသေးတယ်၊ ငါ့ကိုယ်၊ ငါ့ဟာ ထင်နေသေးလို့ရှိရင် အပါယ်တော့ လွတ်လိမ့်မယ်ဆိုတာ ဘယ်အခါကာလမှ အယူမသီးလိုက်ပါနဲ့လို့ သတိပေးလိုက်တယ်...။ (မှန်ပါ့)။

## သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံပြီ

ကိုင်း...ဒါဖြင့် လောကကြီး၏ဖြစ်ပုံကို သိ၊ လောကကြီး၏ ချုပ်ပုံကိုသိလို့ရှိရင်ဖြင့် **"ဒိဋ္ဌိသမ္ပန္နောဣတိပိ"** သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍၊ အဟံ=ငါဘုရားသည်

http://www.thitsarparamisociety.com/


ဝဒါမိ=ဟောတော်မူ၏၊ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံပါပြီကွာ...တဲ့၊ လောကကြီး၏ဖြစ်ပုံကိုသိ၍၊ လောကကြီး၏ ပျက်ပုံကို သိလို့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ငါ သေသေ ချာချာ တာဝန်ယူပါတယ်တဲ့...။ (မှန်ပါ)၊ ဒါ...သဗ္ဗညုတ ဉာဏ်နဲ့ ဟောတာနော်...။ (မှန်ပါ)။

ကိုစံလှ ဘာနဲ့ ဟောပါလိမ့်...။ (သဗ္ဗညုတဉာဏ်နဲ့ ဟောပါတယ်ဘုရား)။

ပုံမပြသေးပါဘူး၊ ဘုရားက ဒကာ ဒကာမတွေကို အလွန်ကျေးဇူးများတဲ့အဖြစ်ကို သိစေလိုလို့ သူ့ဟောတဲ့ ပါဠိတော်တွေကို အကုန်ပဲ ပြောပါရစေဦး၊ ပြီးတော့မှ ပုံချ ပြပါမယ်နော်...။ (မှန်ပါ)။

လောက၏ဖြစ်ပုံ၊ လောကဆိုတာ ရုပ်နာမ်ပဲ မောင် နိုင်...(မှန်ပါ)၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ အဲဒါလေး၏ ဖြစ်ပုံနဲ့ ချုပ်ပုံကိုသိလို့ရှိရင် ဒိဋ္ဌိသမ္ပန္နောဂ္ဂလတိပိ=သမ္မာဒိဋ္ဌိနဲ့ပြည့်စုံ သော ပုဂ္ဂိုလ်ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော် မူ၏၊ အပါယ်လေးပါးလွတ်ပြီလို့ ငါဘုရား ဟောလိုက် တယ်...။ (မှန်ပါ)။

လောက၏ဖြစ်ပုံနဲ့ ချုပ်ပုံကိုသိလို့ရှိရင် အပါယ် လေးပါး လွတ်ပါပြီ၊ အပါယ်လေးပါး လွတ်ပါပြီ...တဲ့၊ ကိုဝ...ဘာကြောက်စရာ ရှိသေးသတုံး...။ (မရှိပါ ဘုရား)။

http://www.thitsarparamisociety.com/


ဩော်...ဒါ မသိသေးလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လွတ်ရေး ကျွတ်ရေး ဝေးသေးတယ်လို့သာ ဆုံးဖြတ်ချက်ချ...။ (မှန်ပါ့)။

လွတ်ရေး ကျွတ်ရေး...(ဝေးပါသေးတယ်ဘုရား)၊ ဝေးသေးတယ်လို့ ဆုံးဖြတ်ချက်ချစမ်းပါ...။ (မှန်ပါ့)။

သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောပေးနေတယ်...။ (မှန်ပါ့)။

**အမြင်မှန်နဲ့ ပြည့်စုံပြီ**

**ဒဿနသမ္ပန္နော ဣတိပိ၊** တစ်ခါ ဟောပြန်တယ်၊ ဘုရားက မင်းတို့ သာမညများ မှတ်မနေပါနဲ့ကွာ...တဲ့၊ ပဋိစ္စသမုပ္ပါဒ်ဟောတတ်တဲ့ ဆရာနဲ့တွေ့လို့ရှိရင် မင်းတို့ သည် ဒဿနသမ္ပန္နော ဣတိပိ၊ အမြင်ဉာဏ်နဲ့ အမြင်မှန်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လဲ ငါဘုရားက သေသေချာချာ မင်းတို့ကို တာဝန်ယူပါတယ်...။ (မှန်ပါ့)၊ အမြင်မှန်လဲ ရသွားတယ်...တဲ့၊ သဘောကျပလား...။ (ကျပါပြီ)၊ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံရင်နော်...။ (မှန်ပါ့)၊ အမြင်မှန်ကော...(ရပါတယ်ဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ သေချင်သေပါ...တဲ့၊ ဒီအမြင်မှန်တော့ မရဘဲနဲ့ သေမှာ သာနုမြော်တယ်လို့

http://www.thitsarparamisociety.com/


ကိုစံလှ ဘုန်းကြီးတို့က ဘုရားဟောတော်မူတဲ့အတိုင်း ဟော လိုက်တယ်နော်...။ (မှန်ပါဘုရား)။

ဒီဟာ မရဘဲနဲ့သာ သေသွားမယ်၊ လောကကြီး ဖြစ်နေတာလဲ မသိဘူး၊ လောကကြီး ပျက်နေတာလဲ မသိ ဘူးဆိုရင် လောကဆိုတာ ကိုယ့်ခန္ဓာပါတဲ့ ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

လောကဆိုတာ ဘာပါလိမ့်...။ (ကိုယ့်ခန္ဓာပါ)၊ ကိုယ့် ခန္ဓာဖြစ်နေတာလဲ ဘယ်လိုကြောင့် ဖြစ်တယ်လို့ သူ မသိ ဘူး...။ (မှန်ပါ)၊ ကိုယ့်ခန္ဓာချုပ်နေတာလဲ...(ဘယ်လို ကြောင့် ချုပ်တယ်လို့ မသိပါဘုရား)၊ ဘယ်လိုကြောင့် ချုပ်တယ်လို့ သူ မသိဘူး...။ (မှန်ပါ)။

အဲဒီလို ပုဂ္ဂိုလ်ဖြင့်ကွာ...တဲ့၊ သမ္မာဒိဋ္ဌိဆိုတဲ့ အပါယ် လွတ်ကြောင်းတရားလဲ သူ့ခန္ဓာထဲမှာ မရှင်းလင်းဘဲနဲ့၊ ရှုပ်ရှုပ်ထွေးထွေးနဲ့ ပုဂ္ဂိုလ်တဲ့၊ အပါယ်ကျစေတတ်တဲ့ တရားဟာ သူ့ဝမ်းထဲရှိလျက်နဲ့ သေသွားတဲ့ ပုဂ္ဂိုလ်လို့ ငါ ဆုံးဖြတ်ချက်ချတယ်...။ (မှန်ပါ)၊လောကဖြစ်ကြောင်း နဲ့ လောကချုပ်ကြောင်း မသိလို့ရှိရင်နော်...။ (မှန်ပါ)။

ပြီးတော့ ဒါတွင်မကသေးဘူး၊ **ဒသဿနသမ္မုဠ္ဌော ကာလံ ကတိ**...တဲ့၊ အမြင်မှန်ပြီးတော့ သေသွားတယ်လို့လဲ သူ့ကို မဆိုလိုက်နဲ့တဲ့...။ (မှန်ပါ)။

http://www.thitsarparamisociety.com/



ကိုစံလှ ဘယ်လောက် ကြောက်စရာကောင်းသလဲ…။ (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီဥစ္စာ လေးလေးစားစားနဲ့ နားထောင်စမ်းပါ၊ လေးလေးစားစားနဲ့ နားထောင်ပါ၊ လေးသချေ်္ခနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးတဲ့၊ ပါရမီတော်ကြောင့် ရတဲ့၊ အလုံးစုံသိတဲ့ဉာဏ်နဲ့ ဘုရားဟောထားတဲ့ အတိုင်း လိုက်နာပြီး အခု ဒကာ ဒကာမတွေကို ဟောနေတာ၊ အဲဒီနည်းယူပြီး ဟောနေတာ…။(မှန်ပါ)၊ ကိုဝ… လွယ်လွယ် ဟောတာလို့ ဆိုကြမလား…။ (မဆိုပါဘုရား)၊ လွယ်လွယ်လို့ မဆိုလိုက်ပါနဲ့၊ အင်မတန် အရေးကြီးနေတာလို့ မှတ်ပါ… ။ (မှန်ပါ)။

ကဲ…ဒါဖြင့် လောက ရုပ်နာမ်ကြီး၏ ဖြစ်ပုံကိုလဲသိ၊ ချုပ်ပုံကိုလဲသိပြီး သေသွားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဒိဋ္ဌိပြုတ်သေတယ်ကွ၊ အပါယ်မရောက်ဘူး…။ (မှန်ပါ)၊ ရှင်းပြီနော်…။ (ရှင်းပါပြီ)၊ ဒါဖြင့် သောတာပန်သေထဲက ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)။

**အမြင်မှန်နဲ့ သေသူ**

“**ဒဿနသမ္ပန္နော ကုတိပိ**”တဲ့၊ အမြင်မှန်ရပြီး သေသွားတဲ့ပုဂ္ဂိုလ်ကွာ…တဲ့…။ (မှန်ပါ)၊ “**အာဂတော ကုမ် သဒ္ဒမ္မံ ကုတိပိ**” ဪ… သူ့သန္တာန်ဖြင့် သူတော်

ကောင်း တရားနဲ့ သေသွားတယ်လို့ ဆုံးဖြတ်ချက်ချ...။ (မှန်ပါ့)။

**သုတော်ကောင်းတရားနဲ့ သေသူ**

ကလ်ံသဒ္ဓမ္မံ= ဤသူတော်ကောင်း တရားသည်၊ အာဂတော=သူ့သန္တာန်၌ ရောက်ပြီဟူ၍၊ ဣတိပိ=ဤသို့ ငါဘုရား ဟောတော်မူ၏၊ သူ့သန္တာန်မှာ သူတော်ကောင်း တရား ရောက်ပြီး သေသွားတာပေ့ါ...တဲ့၊ အဲသလို ဆုံးဖြတ် ချက်ချပါ...။ (မှန်ပါ့)၊ သုံးခုရှိသွားပြီနော်...။ (မှန်ပါ့)။

ကိုစံလှ...ဒါ ဘုန်းကြီးဟောတာလား၊ ဘုရားကိုယ် တိုင် ဟောနေတာလား...။ (ဘုရားကိုယ်တိုင်ဟောနေတာ ပါဘုရား့)။

ဘုရားကိုယ်တိုင်ဟောတာကို ဘုန်းကြီးက ရှင်းလင်းပြီး ပေးတာ၊ အကူအညီပေးတာပဲ ရှိတယ်...။ (မှန်ပါ့)။

ကဲ...ဒါဖြင့် ဒါပဲလားလို့ဆိုတော့ မကသေးဘူး ကွ...တဲ့၊ **"သေက္ခညာဏေန သမ္မန္နာဂတော ဣတိပိ"** ဩော်...သူတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တ မဂ် ဆိုတော့ ခုနစ်ယောက် မရှိဘူးလား၊ အရဟတ္တဖိုလ် နတ်လိုက်...(ရှိပါတယ်ဘုရား)၊ အဲဒါ သေက္ခပုဂ္ဂိုလ် ခုနစ်

http://www.thitsarparamisociety.com/


ယောက်လို့ ခေါ်တယ်၊ ကျင့်ဆဲ ခုနစ်ယောက်နော်...။ (မှန်ပါ့ဘုရား)။

သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ဆိုတော့ ခြောက်ယောက် မနေဘူးလား...။ (နေပါတယ်ဘုရား)၊ အရဟတ္တမဂ် တစ်ယောက်ထည့်လိုက်၊ ခုနစ်ယောက်မနေဘူးလား...။ (နေပါတယ်ဘုရား)၊ ရဟန္တာသာချန်ထား၊ အဲဒီ ခုနစ်ယောက်ဟာ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်ခေါ်တယ်၊ ကျင့်ဆဲပုဂ္ဂိုလ်ပဲ ရှိသေးတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကျင့်ဆဲသာဆိုတာ၊ မောင်နိုင် အပါယ်လေးပါး တံခါးပိတ်ပြီး ကျင့်တာပဲ...။ (မှန်ပါ့)။ ပိတ်ပြီးသား ကျင့်နေတဲ့ ပုဂ္ဂိုလ် မှတ်လိုက်ပါတော့။

အဲဒီတော့ အခုကဲ့သို့ လောကကြီး၏ ဖြစ်တာနဲ့ ချုပ်တာကို သိနေတဲ့ပုဂ္ဂိုလ်များသည် ဘယ်လိုတုံးလို့ဆိုလို့ ရှိရင် "သေက္ခဉာဏေန သမ္ဗုဒ္ဓဂေါတော ဣတိပိ" သေက္ခဉာဏေန=ခုနင်ကပြောခဲ့တဲ့ အရိယာပုဂ္ဂိုလ် ခုနစ် ယောက်တို့၏ ဉာဏ်နဲ့၊ သမ္ဗုဒ္ဓဂေါတော ဣတိပိ=ပြည့်စုံ၏ ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော၏...တဲ့။

**သေက္ခပုဂ္ဂိုလ်တို့နှင့် တူသွားပြီ**

မောင်နိုင် ဘယ်လောက်နက်သတုံး…။ (မှန်ပါ့)၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့နဲ့၊ ခင်ဗျားတို့နဲ့ တူသွားပြီ… တဲ့…။ (မှန်ပါ့)။

ကိုဝရေ…အဖိုးမတန်ဘူးလား…။ (တန်ပါတယ်ဘုရား)၊ သောတာပန်နဲ့လဲ တူသွားပြီ၊ သကဒါဂါမ်၊ အနာဂါမ်နဲ့ကော…(တူသွားပါပြီဘုရား)။

တူသွားပြီ၊ သူတို့လဲ ဒီအမြင်ပဲတဲ့ကွ…(မှန်ပါ့)၊ တခြားအမြင်ရယ်လို့ မင်းတို့က မှတ်မနေပါနဲ့…တဲ့၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်အမြင်ဟာလဲ ဒါပါပဲတဲ့၊ ဒီ ဖြစ်ချုပ်မြင်တာပဲ…။ (မှန်ပါ့)၊ ရှင်းပြီလား…။ (ရှင်းပါပြီဘုရား)။

ကဲ…ကိုပေါ် သေပျော်ပြီဆိုတာ ပေါ်ပလား…။ (ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့်…ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်စိုက်ပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်…ပျက်နေပြီ၊ ဩော်… ပျက်နေပြီ၊ ဩော်…အကြောင်းဖြစ်လို့ အကျိုးဖြစ်နေကြတာပဲ၊ အကြောင်းချုပ်လို့ အကျိုးချုပ်နေတာကလေးကို ဒကာ ဒကာမတွေက ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်ပျက်–ဖြစ်ပျက်လို့ မြင်နေတဲ့ သဘောကလေးဟာ ဖြစ်ချင်လို့ ဖြစ်တာလား…လို့မေးရင်အကြောင်းဖြစ်လို့ဖြစ်လာတာ…

http://www.thitsarparamisociety.com/


(မှန်ပါ)၊ အကြောင်းတစ်ခုက ဖြစ်စေလို့ သူဖြစ်လာတာပေါ့ မောင်နိုင်...(မှန်ပါ)၊ ချုပ်သွားပြန်တော့ သူ့အကြောင်းက ချုပ်လို့...(သူ့အကျိုးက ချုပ်ပါတယ်ဘုရား)၊ သူ့အကျိုး ချုပ်သွားတယ်လို့ မဆိုနိုင်ကြဘူးလား...။ (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီလို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ ရှင်းနေလို့ရှိရင်ဖြင့် သေက္ခေန ဉာဏေန သမ္မန္နာဂတော ဣတိပိ၊ သေက္ခ=ပုဂ္ဂိုလ်တို့၏ သေက္ခဉာဏ်နဲ့ ပြည့်စုံတယ် ဟူ၍လဲ ငါဘုရားက ဟောပါတယ်ကွာ...တဲ့၊ သူလဲ အပါယ်တော့ မသွားတော့ပါဘူးတဲ့...။ (မှန်ပါ)၊ သံသရာ လည်စရာ မရှိပါဘူးတဲ့...။ (မှန်ပါ)။

ဒကာ ဒကာမတို့ သိပ်ဝမ်းသာစရာကောင်းပါကလား...။ (ကောင်းပါတယ်ဘုရား)။

## အဝိဇ္ဇာချုပ်တဲ့ ဉာဏ်အမြင်

အပြောကောင်းလို့ ဝမ်းသာတယ်၊ အဟောကောင်း လို့ ဝမ်းသာတယ်လို့ မောင်နိုင်...ဒီလိုမယူနဲ့၊ အမှန်ပြော နေလို့ ဝမ်းသာတာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ကဲ...ရှေ့ကို တက်ပါဦး...တဲ့၊ **"ဝိဇ္ဇာယ ဉာဏေန သမ္မန္နာ ဂတော ဣတိပိ"**တဲ့၊ ဝိဇ္ဇာဉာဏ်ဆိုတော့ အဝိဇ္ဇာ

http://www.thitsarparamisociety.com/



ချုပ်တဲ့ ဉာဏ်နဲ့ မြင်တာကွတဲ့၊ ဒီဥစ္စာ အဝိဇ္ဇာနည်းနည်းမှ မပါဘူးတဲ့၊ ဖြစ်ချုပ်မြင်တဲ့ ပုဂ္ဂိုလ်များ...(မှန်ပါ့)၊ အဝိဇ္ဇာ ရှိရင် မြင်နိုင်ပါ့မလား...။ (မမြင်နိုင်ပါဘုရား)။

"ဝိဇ္ဇာယ ဉာဏေန သမ္ပန္နာဂတော ဣတိပိ"တဲ့၊ ဝိဇ္ဇာ ဉာဏ်နဲ့လဲ သူတို့ပြည့်စုံပြီကွ...ဆိုတော့ သံသရာအစ,က ချုပ်ပြီကွ...။ (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး...။ (သံသရာအစက ချုပ်ပါပြီဘုရား)။

သံသရာအစ,က ချုပ်ပြီလို့ပြောတော့လဲ သြော်...ငါ တို့သည် ယနေ့ ဒီဆရာနဲ့ ဒီဒကာတွေ၊ ဒကာမတွေနဲ့ ဒီအကြောင်းကို တို့ဉာဏ်ထဲမှာ တွေ့လိုက်ရ၊ ခန္ဓာ ကြည့် လိုက်တဲ့အခါ ဒီအကြောင်း မြင်ရလို့ရှိရင်တော့ သြော်... အဝိဇ္ဇာချုပ်တဲ့ အမြင်ပါကလားလို့ ကိုယ့်ဟာကိုယ် ဝမ်းသာ ပစ်လိုက်ပါ...။ (မှန်ပါ့ဘုရား)။

ဘယ်လို ဝမ်းသာကြမယ်...(အဝိဇ္ဇာချုပ်တဲ့ အမြင်ပါ ကလားလို့ ကိုယ့်ဟာကိုယ် ဝမ်းသာရပါမယ်ဘုရား)။

အဝိဇ္ဇာမချုပ်လို့ အဝိဇ္ဇာသာရှိရင် ဖြစ်တာလဲ ကိုယ်က မမြင်ဘူး...။(မမြင်ပါဘုရား)၊ပျက်သွားပြန်ပြီဆိုတာကော... (မမြင်ပါဘုရား)၊ ဒါ အဝိဇ္ဇာက ကွယ်ထားတယ်...။ (မှန်ပါ့)။

မောင်နိုင်တို့ ကဲ...အသက် ၅၀ လောက်ရှိပါပြီ၊ နောက်က ဒကာ ဒကာမတွေကော ကိုယ့်အတန်းနဲ့ကိုယ်

http://www.thitsarparamisociety.com/


အသက်ကြီးကုန်ကြပါပြီ၊ ဘယ်တော့ကမှ မမြင်ခဲ့ဘူး…။ (မှန်ပါ)၊ မြင်ကို မမြင်ခဲ့ဘူး…။ (မှန်ပါ)။

ဒီ ဝိဇ္ဇာမလာခင် ခုလို ရှုပါလို့ ဆရာသမားက တိုက်တွန်း နှိုးဆော်မှုမရှိခင်၊ ရှုဖို့နည်းကိုပြတဲ့ ဆရာသမားက မပြခင်တုန်းက ဆိုလို့ရှိရင် သူများစားသလိုစား၊ သူများလုပ်သလိုလုပ်၊ သူများကိုင်သလိုကိုင်၊ သူများသေလဲ သွားပို့လိုက်၊ ကိုယ့်လူမမာရှိလဲ လာမေးကြ၊ ဒါနဲ့သာ အချိန်ကုန်သွားတာပဲ…။ (မှန်ပါ)။

ကိုယ့်သန္တာန်မှာ တရွရွ ခဏခဏပျက်နေတာ၊ ဖြစ်ပေါ်လာပြန်ပြီ၊ ပျက်နေပြန်ပြီ သိရဲ့လား…။ (မသိပါဘုရား)၊ အဲဒါ…အဝိဇ္ဇာနဲ့ချည့် နေလာတယ်…။ (မှန်ပါ)။

ကိုစံလှ…ဘယ်လောက် ကျုပ်တို့ အဝိဇ္ဇာ အသက်ရှည်လာခဲ့တယ်ဆိုတာ…(ရှည်ခဲ့ပါတယ်ဘုရား)။

ခုလို ဆရာသမား နည်းပေးလမ်းပြနဲ့ မတွေ့သရွေ့ ကာလပတ်လုံးဖြင့် မောင်နိုင် ဘယ်တော့ အဝိဇ္ဇာချုပ်မလဲ… (မချုပ်နိုင်ပါဘုရား)။

အဝိဇ္ဇာမချုပ်နိုင်လို့ရှိရင် အဝိဇ္ဇာပစ္စယာသင်္ခါရာ သွားလိုက်၊ ဇာတိ၊ ဇရာ၊ မရဏကျအောင် ဒါ ကျုပ်တို့ လမ်းစဉ်ပဲ…။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား…။ (ဆိုနိုင်ပါတယ် ဘုရား)။

http://www.thitsarparamisociety.com/


အဝိဇ္ဇာဖြစ်လို့ရှိရင် သင်္ခါရဖြစ်မှာပဲ၊ သင်္ခါရဖြစ်ရင် ဇာတိ၊ ဇရာ၊ မရဏတွေ လာမှာပဲ၊ သောက ပရိဒေဝတွေ လာမှာပဲ…။ (မှန်ပါ)။

အဲဒီ သောက ပရိဒေဝတွေလာလို့ရှိရင် အဲဒီ သောက ပရိဒေဝတွေထဲမှာ အဝိဇ္ဇာက မပါဘူးလား…။ (ပါ,ပါတယ် ဘုရား)၊ မသိလို့ သောကပရိဒေဝဖြစ်တော့ အဝိဇ္ဇာက မသိတာ ပါနေတယ်…။ (မှန်ပါ)၊ အဲဒီတော့ အဝိဇ္ဇာသင်္ခါရာ ပြန်မလှည့်ဘူးလား…။ (လှည့်ပါတယ်ဘုရား)။

ကြက်ဥ အစ,ရှာမတွေ့သလို ဝိုင်းမနေဘူးလား…။ (ဝိုင်းနေပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ချီးမြှောက်ပြောတယ်လို့ မယူနဲ့၊ ဒီဖြစ်မှုကလေး မတွေ့လို့ ပျက်မှုကလေးပဲ တွေ့နေနေ၊ ပျက်မှုတွေ့ရင် ဩော်… ဖြစ်မှုရှိလို့ ပျက်တယ်ဆိုတာလဲ ဉာဏ်ဆောင်ကြည့်လိုက် ရင် မောင်နိုင် မသိဘူးလား…။ (သိပါတယ်ဘုရား)။

ဒီလိုသိလို့ရှိရင် အဖြစ်လဲ သိပြီးသား၊ အပျက်လဲ သိပြီးသားလို့ဆိုပြီးသကာလ ဩော်…တို့ သေ ကျဉာဏ် နဲ့လဲ ပြည့်စုံပါပေါ့လား…လို့ မောင်နိုင် ဆုံးဖြတ်ချက်ချ…။ (မှန်ပါ)။

ကိုဝ…အားရှိစရာ သိပ်ကောင်းတယ်…။ (မှန်ပါ၊ အားရှိစရာ သိပ်ကောင်းပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


သေတာဟာတဲ့၊ ဒီဟာသာမြင်ပြီးရင် ခင်ဗျားတို့ သေတာဟာ သေကွဲအဖြစ်နဲ့ သေတာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်သေတာကွ၊ ဒါ ဘာမှ ပူစရာမရှိဘူးကွ၊ ဒီဉာဏ်နဲ့ သေသွားတာကွ...ဆိုတော့ ကျုပ်တို့ ဘယ်နည်းနဲ့မှ ဂတိမှားစရာ မရှိပါဘူး...။ (မရှိပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

**နိဗ္ဗာန်ဆောင်စေတတ်တဲ့ ဉာဏ်**

ကောင်းပြီ၊ ဒို့ပြင် ဘာအထူးများ ဟောပြောမတုံး ဆိုတော့ **"ဓမ္မသောတံ အာပန္နော ဣတိပိ"** တဲ့၊ ဓမ္မသောတံ= နိဗ္ဗာန်ဆောင်စေတတ်တဲ့၊ ဥပမာ–ဧရစီးသွားတယ်၊ ဧရာဝတီမြစ်ကြီး စီးသွားတယ်ဆိုတော့ မောင်နိုင်...သမုဒ္ဒရာ ရောက်မှ ရောက်ပါ့မလားဟော့...(ရောက်ပါတယ်ဘုရား)၊ အဲဒီကျမှပဲ သူ့စီးစရာကုန်တော့တာပဲ...။ (မှန်ပါ့)။

ထို့အတူပဲတဲ့၊ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှုကလေး၊ ချုပ်မှုကလေးမြင်တဲ့ဉစ္စာသည် ဒီအမြင်တည်းဟူသော သောတ၊ ဒီအမြင်တည်းဟူသော အလျဉ်ဉာဏ်သည်၊ ရေအလျဉ်နဲ့တူတဲ့ဉာဏ်သည် နိဗ္ဗာန်ပဲ ဆိုက်တော့မယ်ဆိုတဲ့ ဉစ္စာ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)။

ဒီအမြင်ဉာဏ်ကလေးဟာ နိဗ္ဗာန်မှတစ်ပါး ဘယ်မှ မဆိုက်တော့ဘူး...။ (မှန်ပါ့)၊ အမြင်ဉာဏ်ကလေးဟာ

လေ…ဘယ်သွားဆိုက်မလဲ…(နိဗ္ဗာန်သွားဆိုက်ပါမယ် ဘုရား)၊ နိဗ္ဗာန်သွားဆိုက်မယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါ…။ (မှန်ပါ့)။

အင်မတန် အဖိုးတန်ပါတယ်…။ (တန်ပါတယ် ဘုရား)။

လောကကြီး၏ ဖြစ်ပုံကလေးနဲ့ ချုပ်ပုံကလေး မြင်လိုက်တဲ့ သဘောကလေးဟာ ဒီအမြင်ဉာဏ်ကလေးဟာ ဘယ်ကျမှ လမ်းဆုံးသလဲ…။ (နိဗ္ဗာန်ကျမှ လမ်းဆုံးပါတယ်ဘုရား)။

အဲ…ဓမ္မသောတံ=တရားတည်းဟူသော ရေအလျဉ်သည် ဓမ္မတည်းဟူသော ဉာဏ်အလျဉ်ကလေးဟာ ဉာဏ်တည်းဟူသော သဘောကလေးဟာ နိဗ္ဗာန်သွားဆိုက်တော့မယ်ဆိုတာ သေသေချာချာမှတ်ပါ…။ (မှန်ပါ့)။

ဩော်…ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာ၏ဖြစ်မှုကလေး၊ ခန္ဓာ၏ချုပ်မှုကလေး၊ ဩော်…အကြောင်းဖြစ်လို့ဖြစ်တာပဲ မောင်နိုင်…(မှန်ပါ့)၊ ချုပ်ပြန်တော့ကော…(အကြောင်းချုပ်လို့ ချုပ်ပါတယ်ဘုရား)၊ အကြောင်းမချုပ်ရင် ဘယ့်နှယ်လုပ်ပြီး ဒီအကျိုးချုပ်မလဲ…။ (မချုပ်ပါဘုရား)၊ ဆီမှ မကုန်ဘဲနဲ့ မီးသေချင်လို့ မောင်နိုင်…(မရပါဘုရား)။

ဆီမကုန်ရင် မီးမသေပါဘူး…။ (မှန်ပါ့)၊ ဆီသာ ကို၀ ကုန်ကြည့်စမ်းပါ၊ ဒီမီးမသေတော့ ဘုန်းကြီးဆို

http://www.thitsarparamisociety.com/


တော့...(မှန်ပါ)၊ မဆိုထိုက်ဘူးလား...။ (ဆိုထိုက်ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဟောဒီ ဘုန်းကြီး မောင်းနေတဲ့ အင်ဂျင်က ဆီသာကုန်ပစေ...ဟောဒီ မီးတွေ အကုန်ငြိမ်းချေရဲ့...။ (မှန်ပါဘုရား)။

ဒါဖြင့် ကိုဝ...အကြောင်းကုန်လို့ ဒီမီး အကျိုးကုန်တယ်...။ (မှန်ပါ)၊ ဟိုက ဆီတည်းဟူသောအကြောင်းက ကျေးဇူးပြုနေလို့ ဒီမီးလင်းတယ်...။ (မှန်ပါ)။

ဒါဖြင့် အကြောင်းချုပ်လို့...(အကျိုးချုပ်ပါတယ်ဘုရား)။

အဲ...ဒီခန္ဓာထဲမှာလဲ ဒီအတိုင်းသာ ဒကာ ဒကာမတွေက သြော်...ဖြစ်တယ်၊ အကြောင်းဖြစ်လို့ ဖြစ်ရတာ၊ ပျက်ပြန်တယ်၊ အကြောင်းပျက်လို့...(ပျက်ပါတယ်ဘုရား)၊ ပျက်သွားတာပဲလို့ ဒီလိုသိနေတဲ့ ပုဂ္ဂိုလ်မှာ "ခမ္မသောတံ အာပန္နော ဣတိပိ" နိဗ္ဗာန်ဆိုက်တဲ့ဉာဏ် ရသွားပြီကွာ...တဲ့၊ သူ့အတွက်တော့ဖြင့် ဘာမှ မစိုးရိမ်ပါနဲ့တော့တဲ့...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဘယ်ဆိုက်တဲ့ဉာဏ်ရသလဲ...(နိဗ္ဗာန်ဆိုက်တဲ့ဉာဏ်ရပါတယ်ဘုရား)၊ အဲဒါ ဒကာ ဒကာမတွေက ငါသေရင် အပါယ်များ သွားရဦးမှာလား၊ ငါ့မှာ သားတွေ၊ သမီးတွေနဲ့၊ ပစ္စည်းတွေနဲ့ ခက်ကောင်းခက်ရချည်ရဲ့၊ အို...သံသယကို

http://www.thitsarparamisociety.com/


မရှိနဲ့၊ ဒီအမြင်နဲ့သာ သေပေစေ၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဒီအမြင်ကို လက်မလွှတ်ပါနဲ့...။ (မှန်ပါ့)။

**အရေးရှိက ဒါပဲ အားကိုးရမှာ**

ဒါကြောင့် ဘုန်းကြီးက မှာတယ်၊ ဒကာ ဒကာမတို့ ရှုပေးပါနော်၊ ရှုပေးပါဆိုတာ ဒီအမြင်နဲ့ သေပါစေ...။ (မှန်ပါ့)၊ မောင်နိုင် ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

သို့သော်...ဒကာ ဒကာမတွေကို ဘယ်သူကပဲ ကြိမ်နဲ့တားတား၊ မရှုနဲ့ဟဲ့...ဆိုလဲ မရတော့ပါဘူး...။ (မှန်ပါ့)၊ ကိုဝ...ရပါ့မလား...။ (မရပါဘုရား)။

အာစိဏ္ဏကံဆိုတဲ့ မပြတ်လေ့ကျင့်တဲ့ ကံကြီးက ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အရေးရှိ ဒါပဲ အားကိုးရမှာပဲ...။ (မှန်ပါ့ဘုရား)။

နို့...ဒီဉာဏ်ကလေးရဖို့ သူတို့ ကြိုးစားတော့မယ်ဆိုတော့ ဒီဉာဏ်ကလေးကလဲ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဆိုက်တဲ့ဉာဏ်...။ (မှန်ပါ့)။

"ဓမ္မသောတံ အာပန္နော ဣတိပိ"တဲ့၊ ဒကာ ဒကာမတို့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့သာသွားတဲ့ ဉာဏ်အလျဉ်ပဲဆိုတာ သေသေချာချာ မှတ်ထားတော့မှသြော်...ငါတို့သိတဲ့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာကလေး၊ အကြောင်းချုပ်လို့ အကျိုးချုပ်တာကလေး(ဝါ)

http://www.thitsarparamisociety.com/


ဖြစ်ပျက်ကလေး နှစ်ခုသည်၊ ဒါ သိတဲ့ဉာဏ်သည်ကားလို့ ဆိုရင် နိဗ္ဗာန်သိတဲ့ဉာဏ် ရထားတာပါကလားဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါ့ဘုရား)။

အားရှိအောင် ပြောတာလား...ဘုရားဟော ပါဠိတော် အတိုင်းလား မောင်နိုင်...(ပါဠိတော်အတိုင်းပါဘုရား)၊ ကိုဝ– ပါဠိတော်အတိုင်းနော်...။ (မှန်ပါ့)။

ပါဠိတော်အတိုင်းဆိုတော့ ဩော်...ယုံမှ ယုံပါ့မလား ဆိုတာ ခင်ဗျားတို့က မထားနဲ့တော့...။ (မှန်ပါ့)၊ မထားနဲ့ တော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့် ဆည်းပူးလို့ ရတဲ့ ခုနင်က ပဋိစ္စသမုပ္ပါဒ်သိလို့ သူ ဘုရား ဖြစ်တာပေါ့ဗျာ...။ (မှန်ပါ့)၊ သူ ဘုရားဖြစ်တဲ့ဉာဏ်နဲ့ ပြောတာပဲ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

## ထိုးထွင်းတဲ့ ဉာဏ်အသိ

ဒါပဲလားဆိုတော့ မကသေးပါဘူးကွာ...တဲ့၊ **"နိဗ္ဗေဓိ ကဉာဏော ဣတိပိ"**တဲ့၊ သူများ ဘယ်သူမှ မသိနိုင်တဲ့ သံသရာလောကမှာ ဆရာကောင်း သမားကောင်းနဲ့ မတွေ့ ရတဲ့ ပုဂ္ဂိုလ် မသိနိုင်တဲ့အသိကို အဝိဇ္ဇာက ဖုံးထားတာကို မင်းတို့သိရတဲ့ ထိုးထွင်းတဲ့ ဉာဏ်အသိလို့ သေသေချာချာလဲ မှတ်ပါတဲ့...။ (မှန်ပါ့)။

ဘာအသိတဲ့...(ထိုးထွင်းတဲ့ဉာဏ်အသိပါဘုရား)၊

http://www.thitsarparamisociety.com/


ထိုးတွင်းတဲ့ဉာဏ်အသိလို့ အဝိဇ္ဇာတည်းဟူသော ဒုကြီးဟာ တစ်သံသရာလုံးကာဖြီးသကာလ နေခဲ့တဲ့အတွက် ဘုရားရှင်တွေက တရားစည်ကြီးတီးလိုက်တာ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ကြားတယ်၊ လူ့ပြည်က တီးလိုက်တာ၊ တရားသံတွေဟာလေ...။ (မှန်ပါ)၊ အဲဒါ ကျုပ်တို့ အဝိဇ္ဇာလဲ တိုးလို့ မရဘူး၊ တရားသံတွေဟာလေ...။ (မှန်ပါ)၊ မောင်နိုင်...ရရဲ့လား...။ (မရပါဘုရား)။

ဒီလောက်ထိအောင် ကျုပ်တို့ ထူခဲ့...အ,ခဲ့တဲ့ ထုကြီးခဲ့တယ်ဆိုတာကိုဖြင့် ဘာမှ သံသယမရှိနဲ့၊ အလွန်ကို ဆိုးဝါးခဲ့တယ်...။ (မှန်ပါ)။

အဝိဇ္ဇာထု ဘယ်လောက်ကြီးခဲ့တယ်ဆိုတာ...(ကြီးပါတယ် ဘုရား)၊ ဘုရားတစ်ဆူတစ်ဆူဟောလိုက်တဲ့ တရားစည်ကြီးဆိုတဲ့ အသံကြီးဟာလေ...တရားသံကြီးဟာ မောင်နိုင်...အကနိဋ္ဌဗြဟ္မာ့ပြည်က ကြားတယ်...။ (မှန်ပါ)၊ ကျုပ်တို့ မကြားဘူး...။ (မှန်ပါ)၊ ဘာခံနေသတဲ့တုံး...။ (အဝိဇ္ဇာထုကြီး ခံနေပါတယ်ဘုရား)၊ အဝိဇ္ဇာထု ခံနေတယ်ဆိုတာ သေချာကြပလား...။ (သေချာပါပြီဘုရား)။

ဩော်...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယခု ဖြစ်တာနဲ့ အကြောင်းဖြစ်လို့ အကျိုးဖြစ်ရတယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်ရတယ်ဆိုတဲ့ ခန္ဓာ့လောကကြီးပေါ့လေ...။ (မှန်ပါ)။

http://www.thitsarparamisociety.com/


အဲဒီ ခန္ဓာ့လောကကြီးကို ပိုင်ပိုင်နိုင်နိုင် ကျုပ်တို့ ဩော်…ဖြစ်ပြီ၊ ဩော်…ပျက်ပြီ၊ ဒီလိုသိနေတဲ့ အသိကလေးဟာ အဝိဇ္ဇာထုကြီးကို တစ်ခါတည်း ထိုးဖောက်တဲ့ ဉာဏ်နဲ့ သိတာပါကလား…။ (မှန်ပါ)၊ ဒါဖြင့် အဝိဇ္ဇာချုပ်တဲ့ ဉာဏ်ပဲ…။ (မှန်ပါ)၊ သဘောပါပလား…။ (ပါ,ပါပြီဘုရား)။

**နိဗ္ဗာန်တံခါးဝကို ရောက်ပြီ**

ဒါတွင်ပဲလားဆိုတော့ မကသေးဘူးကွာ…၊ ငါဘုရားအမြင်နဲ့ မင်းတို့ကို ရှင်းနေအောင် ပြောပါရစေဆိုပြီး **"အမတ ဒွါရံ အာဟစ္စတိဋ္ဌတိ ဣတိပိ"** နိဗ္ဗာန်တံခါးဝကို ရောက်ပါပြီကွာ…တဲ့၊ မင်းတို့ သေးတယ်၊ သိမ်ငယ်တယ်လို့ များ ထင်မနေပါနဲ့…တဲ့၊ ဒီအမြင် ဒီအမြင်ဟာလေ…။ (မှန်ပါ)။

"အမတ ဒွါရံ အာဟစ္စတိဋ္ဌတိ ဣတိပိ" တဲ့၊ နိဗ္ဗာန်တံခါးဝနား မင်းတို့ရောက်ပြီ၊ ပြန်မဆုတ်တော့ဘူးကွ…တဲ့…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ အခု ပြောလိုက်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတဉာဏ်နဲ့ အမှန်ကို သေသေချာချာဟောတော့မှ ဩော်…ငါတို့ ဘယ်များ ရောက်နေပါလိမ့်မတုံးလို့ မောင်နိုင်ရေ…ဘာမှ သံသယ

http://www.thitsarparamisociety.com/



ရှိမနေနဲ့...။ (မှန်ပါ)၊ နိဗ္ဗာန်တံခါးဝနားရောက်နေပြီလို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ)၊ ဖြစ်ပျက်ဆုံးတဲ့ ပုဂ္ဂိုလ်ကတော့ ရောက်ပြီလို့ ဆုံးဖြတ်ချက်ချ...။ (မှန်ပါ)၊ ဖြစ်ပျက်မြင်နေတဲ့ ပုဂ္ဂိုလ်ကတော့ တံခါးဝရောက်ပြီလို့ ဆုံးဖြတ်ချက်ချ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီနေ့ညမှာ သေသေချာချာပြောနေတယ် ဒကာ ဒကာမတို့၊ သေသေချာချာပြောတော့ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ် ဘယ်ရောက်သတုံး...။ (နိဗ္ဗာန်တံခါးဝရောက်ပါတယ်)၊ နိဗ္ဗာန်တံခါးဝရောက်တယ်၊ သူ နောက်တော့ မဟုတ်ဘူး...။ (မှန်ပါ)၊ နိဗ္ဗာန်တံခါးဝ လာပြီး ရပ်ပါပြီ...တဲ့၊ သဘော ကျပလား...။ (ကျပါပြီဘုရား)။

**မွေးသေလွတ် နေရာမြင်၍ နိဗ္ဗာန်ရောက်ပြီ**

ဟာ...ဒီပဋိစ္စသမုပ္ပါဒ် လောကကြီး၏ ဖြစ်တာလဲ မတွေ့တော့ဘူးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ရှိသေးရဲ့လား...။ (မရှိတော့ပါဘုရား)။

ဖြစ် ပဋိစ္စသမုပ္ပါဒ်လဲ မရှိဘူး...။ (မှန်ပါ)၊ ချုပ် ပဋိစ္စသမုပ္ပါဒ်ကော...(မရှိတော့ပါဘုရား)။

မရှိဘူး...ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နှစ်ခုစလုံး သူ့မှာ ဖြင့် သေတတ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ မရှိဘူး၊ မွေးတဲ့ ပဋိစ္စ သမုပ္ပါဒ်ကော...(မရှိပါဘုရား)၊ ဩော်...ဒါဖြင့် မွေး သေ

http://www.thitsarparamisociety.com/


လွတ်ကို မြင်တော့၊ မွေး သေ လွတ်ရာ မြင်တော့ နိဗ္ဗာန် ရောက်နေပြီ...။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင် ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ "အမတဒွါရံ အာဟစ္စ တိဋ္ဌတိ ဣတိပိ..." အမတဒွါရံ=နိဗ္ဗာန်တည်းဟူသော တံခါးဝသို့၊ အာဟစ္စ=ထိကပ်၍၊ တိဋ္ဌတိ=တည်နေတယ် ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောပြန်၏...တဲ့။

## နိဗ္ဗာန်မြို့ထဲ ဝင်သွားပြီ

နိဗ္ဗာန်တံခါးဝနားကို သူ ရပ်နေပါပြီကွာ...တဲ့၊ ဖြစ် ပျက်မြင်တဲ့ ပုဂ္ဂိုလ်များဟာ...(မှန်ပါ)၊ ဖြစ်ပျက်များ ဆုံးအောင်လိုက်တဲ့ ပုဂ္ဂိုလ်များကျတော့ နိဗ္ဗာန်မြို့ထဲ ဝင် သွားပြီ...။ (မှန်ပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီလောက်တောင်ပဲ ဘုရားသခင်ကိုယ်တော်မြတ် ကြီး အကျယ်တဝင့်ပြော၊ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ရှင်းရှင်းလင်းလင်းပြောလိုက်တဲ့အတွက် ဩော်...ငါတို့ လုပ်တာ နဂိုကလဲ ပဋိစ္စသမုပ္ပါဒ် ဖြစ်မှုကိုလဲ တွေ့တယ်၊ ပျက်မှုကိုလဲ တွေ့တယ်၊ ဖြစ်ပျက် တွေ့ပါတယ်ဆိုကတည်း က နိဗ္ဗာန်တံခါးဝနား ရပ်နေပြီ...။ (မှန်ပါ)၊ ဒီ ပဋိစ္စ သမုပ္ပါဒ်ကြီးတောင်မှ၊ အခု ခန္ဓပဋိစ္စသမုပ္ပါဒ်ကြီးတောင်မှ ဖြစ်တာလဲ မတွေ့တော့ပါဘူး၊ ပျက်တာလဲ မတွေ့တော့

http://www.thitsarparamisociety.com/



ပါဘူးဆို ပဋိစ္စသမုပ္ပါဒ်ဟာ နှစ်ခုစလုံး ဆုံးသွားတယ် မှောင်နိုင်...။ (မှန်ပါ့)၊ ဘာဆုံးသွားသတုံး...။ (ပဋိစ္စသမုပ္ပါဒ် ဆုံးသွားပါတယ်ဘုရား)၊ နှစ်ခုစလုံး ဆုံးသွားတယ်...။ (မှန်ပါ့)။

နှစ်ခုစလုံးဆုံးသွားတော့ ဖြစ်စရာလဲ မရှိတော့ဘူး၊ ကျုပ် တို့...(မှန်ပါ့)၊ ပျက်စရာကော...(မရှိတော့ပါဘုရား)၊ သြော်...ကျုပ်တို့သည်ကားလို့ဆိုရင်ဖြင့် အမွေး၊ အသေဖြင့် လွတ်ပေါ့...။ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်...။ (အမွေး၊အသေလွတ်ပါပြီ)၊ အမွေး၊ အသေဖြင့် လွတ်ပါပြီ၊ မွေးရင် သေဦးမှာကိုး...။ (မှန်ပါ့)၊ အခုတော့ မွေးတာလဲ မတွေ့တော့ပါဘူးဆိုတော့ ဖြစ်တာ မတွေ့ဘူး...။ (မှန်ပါ့)၊သေတာလဲ မတွေ့တော့ ပါဘူးဆိုကတည်းကိုက ဒကာ ဒကာမတို့ ကျုပ်တို့ အသေ လွတ် မြင်နေတဲ့ အခိုက်ဟာယ် မရောက်ဘူးလား...။ (ရောက် ပါတယ်ဘုရား)။

အဲဒါကြောင့် "အမတဒွါရံ အာဟစ္စ တိဋ္ဌတိ" အမတ ဒွါရံ=နိဗ္ဗာန်မြို့တံခါးဝသို့၊ အာဟစ္စ=ထိကပ်၍၊ တိဋ္ဌတိ= ရပ်နေ၏...တဲ့၊ (ဝါ)တည်နေ၏၊ ဣတိ=ဤသို့၊ အဟံ=ငါ ဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်တံခါးဝနား ဝင်မလို့ ရပ်နေတာ၊ တည်နေတာ...။ (မှန်ပါ့)။

http://www.thitsarparamisociety.com/



ကိုစံလှရေ...ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ ဘာတဲ့တုံး...။ (နိဗ္ဗာန်တံခါးဝနားမှာ ရပ်နေပါတယ်ဘုရား)၊ ပြန်ဆုတ်သေးသလား...။ (မဆုတ်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဖြစ် ပျက် ဆိုတော့ သာမည မှတ်နေတယ်၊ စင်စစ် ဘာဟုတ်မလဲ၊ ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ်ဖြစ်မှုကို မြင်တာ...။ (မှန်ပါ)၊ ချုပ်တာက ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ် သေနေတာကို မြင်တာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ် သေနေတာကို မြင်တာရယ်၊ ဖြစ်နေတာကို မြင်တာရယ်၊ ဒီအမြင်နှစ်ခုရတယ်...။ (မှန်ပါ)။

ဒါဖြင့် ကိုယ် ခဏခဏ ဒုက္ခရောက်နေတာကိုလဲ မြင်တယ်၊ ကိုယ် ခဏခဏ သေနေတာကော...(မြင်ပါတယ်ဘုရား)။

အဲဒါ ဒီဆုံးသွားတဲ့ ပုဂ္ဂိုလ်များကျ တော့ ဘယ့်နှယ်နေပါ့မလဲ မောင်နိုင်...။ (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ နိဗ္ဗာန် တစ်ခါတည်း အတွင်းရောက်သွားတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/


## ဖြစ်ပျက်တွေ့လို့ သေချာနေပြီ

အဲဒါကြောင့်တဲ့၊ ဒီဒကာ ဒကာမတွေ ဩော်...ငါတို့ သည်ကားလို့ဆိုရင် ဘယ်အခြေအနေများ ရောက်နေပါလိမ့် မလဲ...၊ ဆရာသမားနဲ့ ကပ်နေတာလဲ ကြာကြပြီ၊ ဆရာ သမားက နေ့တိုင်း သယ်ယူ ပို့ဆောင်နေတယ် နိဗ္ဗာန် ရောက်အောင်၊ တို့က ဝန်လေးသမား၊ ခြေနှေးသမား၊ ကပ်ဖဲ့ သမား၊ နောက်ပြန်ကွေ့နေတဲ့ သမားလို့ ကိုယ့်ကိုယ်ကိုယ် မတွေးလိုက်ပါနဲ့၊ ဖြစ်ပျက်တွေ့နေကတည်းက သေချာနေ ပြီ...။ (မှန်ပါ့)။

ဖြစ်ပျက် တွေ့ကတည်းက...(သေချာနေပါပြီ)၊ သေချာနေပြီဆိုတော့ ကိုဝ,ရေ...သေပျော်တဲ့ တရား...။ (မှန်ပါ့)။

ကဲ...မောင်နိုင်တို့လဲ အသက်ကြီးပြီ၊ ကိုဝ,တို့လဲ ခြောက်ဆယ်ကျော်နေပြီ၊ ကိုပေါ်တို့လဲ အတူတူပဲ ကြီးနေ ပြီ၊ ကိုစံလှတို့လဲ ကြီးပြီ၊ ဒါတွေကို မတွေ့ဘူး...။ (မှန်ပါ့)၊ တွေ့နိုင်ပါ့မလား...။ (မတွေ့နိုင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်တံခါးဝ ရောက်တယ်လို့ သူ့ကိုဆိုနိုင် ပါ့မလား...။ (မဆိုနိုင်ပါဘုရား)။

ဘုရားက လောကခန္ဓာကြီး၏ ဖြစ်မှုနဲ့ ပျက်မှုကို တွေ့မှ နိဗ္ဗာန်တံခါးနားကို ရပ်ပြီးသကာလ တည်နေတဲ့ ပုဂ္ဂိုလ်လို့ ငါဘုရားဟောတယ်လို့ ဆိုကတည်းကိုက ဒါမှ

http://www.thitsarparamisociety.com/



မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်တံခါး မပြောပါနဲ့၊ နိဗ္ဗာန်သွားလမ်းကို မတွေ့သေးဘူး...။ (မှန်ပါ)၊ တွေ့ပလား...။ (မတွေ့သေးပါဘုရား)။

မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဩော်...သူ့အတွက် ခင်ဗျားတို့က ဘယ်လိုစဉ်းစားမလဲ၊ ဘယ်လိုမှ မစဉ်းစားနဲ့တော့...။ (မှန်ပါ)၊ သံသရာခရီးသည် အမောဆိုက်ပြီး သကာလ နေရာတွင် လဲသေပြီး ဟိုနေရာ ထ,ပြေးမှာပဲ၊ ပြေးပြီ၊ ဟိုနေရာကျ လဲပြီး သေလိုက်မှာပဲ၊ ဒါပဲ သူ့လမ်းရှိတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ထ,ပြေးလိုက် လဲသေလိုက်၊ လဲသေရာကနေ ထ,ပြေးလိုက်ပြန်ရင်ကော...(ဒါပဲ ရှိပါတယ်ဘုရား)၊ ဒါ...သူ့လမ်း...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

နောက်တစ်ခါ ပြန်လှည့်လာပြန်တော့ သူ့အရိုးပုံပေါ် ပြန်ပြီး သူ့ကို မြှုပ်ပေါ့ဗျာ...။ (မှန်ပါ)၊ ဒီလိုပဲ လှည့်နေမယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

အဲဒါကြောင့်...ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နိဗ္ဗာန်တံခါးဝနား ရောက်ချင်ကြလို့ရှိရင် ဖြစ်ပျက်တွေ့အောင် ကြိုးစားပါ...။ (မှန်ပါ)၊ နိဗ္ဗာန်ထဲကို ရောက်ချင်

ပါတယ်ဆိုလို့ရှိရင် ဖြစ်ပျက်ဆုံးသည့်တိုင်အောင် ဉာဏ်က လိုက်ပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒီလိုဆိုရင် ပူစရာရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ဒါက နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ သေသေချာချာ ဟောတာပဲ...။ (မှန်ပါ့)။

## နိဗ္ဗာန်ထဲ ရောက်ပုံ

ကဲ...ဒါဖြင့် နိဗ္ဗာန်ထဲရောက်ပုံ ပြောကြပါစို့...ဆို တော့ မနေ့က အဂ္ဂိဝစ္ဆကို ဒါနဲ့ ပြန်စပ် မောင်နိုင်ရ... (မှန်ပါ့)။

အဂ္ဂိဝစ္ဆက မနေ့က မေးလိုက်တာ၊ အရှင်ဘုရားတဲ့၊ တဏှာတွေ၊ ဥပါဒါန်တွေ၊ ကံတွေချုပ်တဲ့ ပုဂ္ဂိုလ်၊ တဏှာ၊ ဥပါဒါန်၊ ကံနော်...။ (မှန်ပါ့)၊ ဒါတွေက ချုပ်တယ်တဲ့၊ ဒီက မဂ်က လာသေးသကိုး၊ မဂ်က ရှေ့ပိုင်းက လာပေး၊ ဒီက ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှုကလေး၊ ပျက်မှုကလေး၊ ဒါက ခန္ဓာပေါ့လေ...။ (မှန်ပါ့)။

ခန္ဓာထဲ ဖြစ်မှု၊ ပျက်မှုမှတစ်ပါး ယောကျ်ား၊ မိန်းမ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဘာရှိသတုံး...။ (ဖြစ်မှု၊ ပျက်မှုပဲ ရှိပါတယ်ဘုရား)။

အဲဒါကလေး ကျုပ်တို့က ဒီ မဂ်ကလေးနဲ့ မြင်ပြီး

http://www.thitsarparamisociety.com/



ဝိပဿနာမဂ်နဲ့ပဲ မြင်တယ်ထားပါဦးတော့၊ မြင်လို့ရှိရင်ဖြင့် ခန္ဓာခင်တဲ့ တဏှာ၊ ခန္ဓာစွဲလမ်းတဲ့ ဥပါဒါန်၊ နောက်ခန္ဓာ လိုချင်လို့ပြုတဲ့ကံ လာသေးရဲ့လား...။ (မလာပါဘုရား)။

ဒါဖြင့် တဏှာဥပါဒါန် မချုပ်ဘူးလား...။ (ချုပ်သွားပါတယ် ဘုရား)။

**ငါဘုရားအမြင်ဟာ ဖြစ်ပျက်ပဲ**

ဒီ တဏှာ ဥပါဒါန်၊ ကံချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြစ်ပျက်မြင်လို့ရှိရင် ငါဘုရားအမြင်ဟာ ဖြစ်ပျက်ပဲလို့လဲ သူ ဟောထားတယ်...။ (မှန်ပါ)၊ မဟောဘူးလား...။ (ဟောပါတယ်ဘုရား)။

ငါဘုရား အမြင်ဟာဖြင့် ဝေဒနာကြည့်ပြန်လဲ ဝေဒနာ မတွေ့ပါဘူးကွာ၊ ဖြစ်ပျက်တွေ့တယ်...။ (မှန်ပါ)၊ ရုပ်ကြည့်ပြန်လဲ ရုပ်မတွေ့ပါဘူးကွာ၊ ဖြစ်ပျက်တွေ့တယ်လို့ မဟောဘူးလား...။ (ဟောပါတယ်ဘုရား)၊ အဲဒါ ငါဘုရားအမြင် ဆိုတော့ ဒီအမြင်ရတဲ့ ပုဂ္ဂိုလ် ဘာဖြစ်သတုံး...ဆိုတော့ တဏှာ,ဥပါဒါန်, ကံချုပ်တယ်၊ တဏှာ, မာန, ဒိဋ္ဌိချုပ်တယ်လို့ မနေ့က မဟောခဲ့ဘူးလား...။ (ဟောခဲ့ပါတယ်ဘုရား)။

ချုပ်ကော မချုပ်ဘူးလား...။ (ချုပ်ပါတယ်ဘုရား)။

ဒါက ဖြစ်ပျက်၊ ဒါက အမြင်...(မှန်ပါ)၊ အမြင်

http://www.thitsarparamisociety.com/


နောက်ကနေပြီး ဒါတွေ လိုက်နိုင်သေးရဲ့လား...။ (မလိုက်နိုင်ပါဘုရား)၊ မမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါတွေက တန်းနေတာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီတော့ ဒါက ခန္ဓာပဋိစ္စသမုပ္ပါဒ် မောင်နိုင်ရ၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်နဲ့မြင်တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ခန္ဓာ၏ ဖြစ်မှု၊ ပျက်မှုဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ် ဟုတ်လား...။ (မှန်ပါ့)၊ အဲဒါ ဘာနဲ့ မြင်သတုံး...။ (ဉာဏ်နဲ့မြင်ပါတယ်ဘုရား)။

**ဒီလိုမြင်တဲ့ပုဂ္ဂိုလ် ဘာကျေးဇူးရှိသတုံး ?**

ဉာဏ်နဲ့ မြင်တော့ကိုတဲ့၊ ငါဘုရား၏ အမြင်က ဒီလိုမြင်တာ၊ ဒီလိုမြင်တဲ့ပုဂ္ဂိုလ် ဘာကျေးဇူးရှိသတုံး၊ အို... တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်တယ်လို့ ဘုရားက မဟောလိုက်ဘူးလား...။ (ဟောပါတယ်ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ အကုန် ချုပ်တယ်လို့ကော...(ဟောပါတယ်ဘုရား)။

ဟောတော့ ပုဏ္ဏားက တစ်ဆင့်တက်ပြီး မေးတယ်၊ ဒီချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး...တဲ့၊ မေးလာပြီ...။ (မှန်ပါ့)။

**ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး ?**

ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး...၊ ဒီတဏှာ၊ ဥပါဒါန် ချုပ်တယ်...တဲ့၊ ဒီချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားသတုံးဆို တော့ မဂ်ပုဂ္ဂိုလ် ဘယ်သွားသတုံး မေးတာပဲ...။ (မှန်ပါ့)၊ မမေးပေဘူးလား...။ (မေးပါတယ်ဘုရား)။

ချုပ်တာက ဒီမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်၊ ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှ ဒါ ချုပ်တယ် မဟုတ်လား...။ (မှန်ပါ့)။

အဲ...ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတော့ ဒီ မဂ်ပုဂ္ဂိုလ် ဘယ်သွားသတုံး၊ ဒီ ရဟန္တာ ဘယ်သွားသတုံး မေးတော့...(မှန်ပါ့)၊ မမေးသင့်ဘူးလား...။ (မေးသင့်ပါ တယ် ဘုရား)၊ ခင်ဗျားတို့လဲ မေးရမှာပဲ...။ (မှန်ပါ့)။

**ဒီ ရဟန္တာ ဘယ်သွားသတုံး ?**

ဒီ မဂ်ပုဂ္ဂိုလ် ဘယ်သွားသတုံး၊ ဒီ ရဟန္တာ ဘယ်သွား သတုံးလို့မေးတော့ ဘုရားက ဘယ်သွားတယ်လို့ မံမေး ပါနဲ့ကွာ...။ (မှန်ပါ့)။

ဒါနဲ့ မသွားဘဲ နေသလား...တဲ့၊ သွားတယ်ဆိုရင် သူက သဿတဒိဋ္ဌိဖြစ်မှာ...။ (မှန်ပါ့)၊ အဂ္ဂိဝစ္ဆပုဏ္ဏားမှာ မဖြစ်ပေဘူးလား...။ (ဖြစ်ပါတယ်ဘုရား)။

တဏှာ၊ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သွားတယ် ဆိုလို့ရှိရင်လဲ ဩော်...ဒီပုဂ္ဂိုလ်ဟာ ခြေလျင်သွားလို့ ဒီဘက်

ရောက်တယ်၊ ဘယ်ဒိဋ္ဌိထဲ သွားမလဲ…။ (သဿတဒိဋ္ဌိထဲ သွားပါမယ် ဘုရား)။

မသွားဘူးကွ၊ ဒီပုဂ္ဂိုလ် ဘယ်မှ မသွားတော့ဘူး ဆိုလို့ရှိရင် ဩော်..ပြတ်တာပဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိယူသွားဦး မှာပဲ…။ (မှန်ပါ့)၊ မယူပေဘူးလား…။ (ယူပါတယ်ဘုရား)။

**သဿတ၊ ဥစ္ဆေဒလွတ်မှ နိဗ္ဗာန်မြင်မယ်**

နိဗ္ဗာန်သိချင်ရင် သဿတ, ဥစ္ဆေဒလွတ်မှ နိဗ္ဗာန် ရှင်းမှာ…။ (မှန်ပါ့)၊ နို့မဟုတ်ရင်ရှင်းကြပါ့မလား…။ (မရှင်းပါဘုရား)။

အဲဒါ ခင်ဗျားတို့က အလကားနေရင်း ခင်ဗျားတို့က ဆုတွေ နင်းတောင်းပြီးသကာလ နေပြားသော်လဲ နိဗ္ဗာန် သဘောကျလို့ တောင်းတာလား၊ တောင်းရမယ်ဆိုတဲ့ ရှေး ပေါရာဏကြောင့် တောင်းတာလားလို့မေးတော့ သဘော ကျတာ ပါကို မပါဘူး…။ (မှန်ပါ့)၊ ရှေး ပေါရာဏနဲ့ တောင်းနေတာ…။ (မှန်ပါ့)။

ကိုစံလှ ဒီပြင် ဘာပါသေးသလဲ…။ (မပါ,ပါဘုရား)၊ အခု သေသေချာချာစဉ်းစားကြည့်တော့ ဒကာ ဒကာမတို့ နိဗ္ဗာန် ဆိုတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီဟာတွေ ချုပ်သွားတဲ့အတွက် နောက် ဒုက္ခသစ္စာ မလာတာကို ဆိုတာ…။ (မှန်ပါ့)။

http://www.thitsarparamisociety.com/


နိဗ္ဗာန်ဆိုတာ ဘာတုံး...။ (နောက်ဒုက္ခသစ္စာမလာတာပါဘုရား)၊ အဲဒီတော့ ဒီဒုက္ခသစ္စာ သဘောကျထားမှ ဩော်...ဒုက္ခသစ္စာမရှိရင်တော့ အေးတာပါပဲလေ...ဆိုတော့ နိဗ္ဗာန်ပေါ်လာတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒုက္ခသစ္စာမရှိရင်...(အေးတာပါပဲဘုရား)၊ အေးတာပဲဆိုတော့ နိဗ္ဗာန်သည် သန္တိလက္ခဏံ နိရောဓသစ္စံ ဆိုတဲ့အတိုင်း အေးချမ်းတာ နိဗ္ဗာန်ပဲလို့ဆိုတော့ ဩော်...ဒီခန္ဓာ ဒုက္ခသစ္စာမှ မသိတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်လိုချင်ပါတယ်ဆိုလို့ရှိရင် သူ့အတွက်ဟာ သူ လိုချင်တာသည် ရိုးရာလိုချင်တာရင်လဲ ဖြစ်ရပါမယ်...။ (မှန်ပါ့)၊ တကယ် လိုချင်တာတော့ ကိုဝ...။ (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ သဘောမှမကျဘဲ၊ သူ့ခန္ဓာဒုက္ခသစ္စာမှ၊ ဖြစ်ပျက်ဒုက္ခသစ္စာမှ မောင်နိုင်...မသိဘဲနဲ့ သူ လိုချင်တဲ့ နိဗ္ဗာန်သည် ကားလို့ဆိုရင်ဖြင့် သူများ ရသလို ရချင်တာပေါ့၊ ဒါလောက်ပဲ သိမှာပဲတဲ့...။ (မှန်ပါ့)၊ ဒို့ပြင် ဘာရှိသေးသတုံး...။ (မရှိပါဘုရား)။

သူများ ရသလို ရချင်တာပေါ့၊ သစ်ပင်က သစ်သီးတွေ ကြွေလာတယ်၊ ဥပမာမယ်...သစ်တော်သီးတွေ ကြွေလာတယ်၊ သူလဲ ကောက်စား၊ သူများလဲ ကောက်စား၊ သူ

http://www.thitsarparamisociety.com/


မရလို့ ငိုတယ်ဆိုတော့ သူများ ရသလို ရချင်လို့ ငိုတာပဲ ရှိမှာပါပဲ…။ (မှန်ပါ့)၊ ဟုတ်ပလား…။ (မှန်ပါ့)။

သစ်တော်သီးရတာ သူ သိလို့ လိုချင်တဲ့ သဘောမျိုး ကလေး ဟုတ်ပါလေရဲ့လား…။ (ဟုတ်ပါတယ်ဘုရား)။

ကလေးလိုပဲ သူများ ကစားချင်လို့ ကစားချင်တာ၊ မကစားရ ငိုတာလောက် ဒီလိုလောက် ဖြစ်နေတယ်၊ ဒီ့ပြင် ဘာမှ မရှိပါဘူး…။ (မှန်ပါ့)။

ဒါ့ကြောင့် နိဗ္ဗာန်အကြောင်းကို ပြောရတော့မယ် ဆိုတော့ မောင်နိုင် ဒီခန္ဓာကြီး ဖြစ်ပျက်ဟာ ဒုက္ခသစ္စာမသိ တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ကိုဝ…နိဗ္ဗာန်လိုချင်ပါ တယ်လို့ ဘယ့်နှယ်လုပ်ပြီး သူ့ကို ပြောမလဲ…။ (မပြော နိုင်ပါဘုရား)။

သူ့ခန္ဓာ ဒုက္ခသစ္စာလို့ သူ မသိဘူးဗျ…။ (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်မှုလဲ ဒုက္ခသစ္စာ၊ ချုပ်မှုလဲ ဒုက္ခသစ္စာ၊ ဒါတွေမှ မသိတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်လိုချင်ပါတယ်ဆိုလို့ရှိရင် ဖြင့် ဩော်…သူ လိုချင်တာသည် စာဖတ်ဖူးလို့ထင်ပါရဲ့…။ (မှန်ပါ့)၊ ကိုစံလှ…ဒါပဲ သူ သိတယ်၊ ဒီ့ပြင် ဘာပြောစရာ ရှိသေးသလဲ…(မရှိပါဘုရား)။

အေး…ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန် အရေးကြီးပါတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်နော်…။ (ပေါ် လာပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


ကဲ…ဒါဖြင့် အဂ္ဂိဝစ္ဆ–မေးတာက ဒီတဏှာ–ဥပါဒါန် ချုပ်သွားတဲ့ ပုဂ္ဂိုလ်များ ဘယ်သွားသတုံးလို့ မေးလိုက်တော့ ဘုရားက ဘယ်သွားတယ်လို့ မမေးပါနဲ့လို့ ဘုရားက အဖြေမထွက်ဘူးလား…။ (ထွက်ပါတယ်ဘုရား)။

အကယ်၍ ဘုရားက သွားတယ်လို့ ဖြေလိုက်လို့ ရှိရင် သူ ဘယ်ထဲသွားမယ်ထင်သလဲ…(သဿတဒိဋ္ဌိထဲ သွားပါတယ်ဘုရား)။

ကောင်းပြီ…ဘုရားဟာ ဖြေသင့်မှ ဖြေတယ်ဆိုတာ မပေါ်လာဘူးလား…။ (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ…တဲ့၊ ဒီတဏှာ ဥပါဒါန်များ ချုပ်သွားတဲ့ ပုဂ္ဂိုလ် ဖြစ်ပျက် တွေ့မြင်လို့ ဆုံးသွားလို့ တဏှာ ဥပါဒါန်ချုပ်သွားတဲ့ ပုဂ္ဂိုလ်များ ဘယ်မှ မသွား တော့ဘူးလားတဲ့ ဆိုတော့လဲ သူ့ နိဗ္ဗာန်မှ သဘောမကျ တော့ မောင်နိုင်…ဘယ်မှ မသွားဘူးကွ…လို့ ဖြေလိုက်လို့ ရှိရင်လဲ ဥစ္ဆေဒဘက်ကို သွားတယ်…။ (မှန်ပါ့)။

သေရင်ပြီးတာပဲ၊ ပြတ်တာပဲ၊ မဂ်အားထုတ်ပြီးရင် ပြတ်တာပဲ၊ ပြတ်ပြီးရင် နောက်…ဘာမှ အကျိုးတရား မပေါ်လာတော့ဘူးတဲ့၊ အဓိပ္ပာယ် မယူပေဘူးလား…။ (ယူပါတယ်ဘုရား)၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

http://www.thitsarparamisociety.com/


ဒါ...ဘယ့်နှယ် ဘာကို သဘောမကျလို့ ဒီ ဒိဋ္ဌိတွေ သွားနေသတုံး၊ ဟောဒီ ဖြစ်ပျက်ဒုက္ခသစ္စာ သဘောမကျလို့ သူ့ဒိဋ္ဌိက ကွာပါရဲ့လား...။ (မကွာပါဘုရား)။

## ဒိဋ္ဌိခွာတတ်မှ နိဗ္ဗာန် ရမယ်

ဒါ့ကြောင့် နိဗ္ဗာန်လိုချင်ရင် ဒိဋ္ဌိခွာတတ်မှ နိဗ္ဗာန် ရမယ်...။ (မှန်ပါ့)၊ ဒိဋ္ဌိမခွာတတ်ရင်...(နိဗ္ဗာန်မရပါဘုရား)၊ နိဗ္ဗာန်မရဘူးလို့ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကဲ...ကိုဝ...ဒိဋ္ဌိ ဘယ်လောက်အရေးကြီးသတုံး...။ (ကြီးပါတယ်ဘုရား)။

ဒိဋ္ဌိမခွာတတ်ရင် နိဗ္ဗာန်ကို သူ သဘောမကျဘူး...။ (မှန်ပါ့)၊ ကျွပ်ပါ့မလား...။ (မကျပါဘုရား)။

မကျလို့ ရှိရင်ဖြင့်၊ သူ့အတွက်ဖြင့် အခက်ကြီးပါပဲ ဆိုတာသာ ခင်ဗျားတို့ ရင်မ,နေကြပေတော့...။ (မှန်ပါ့)။

ဒါဖြင့် ရင်မ,စရာလူ မောင်နိုင်...ဘယ်လောက်များ ပေါမယ် ထင်သတုံး...။ (ပေါပါတယ်ဘုရား)။

ဒါဖြင့် ဘုရားတွေ ဘယ်လိုပွင့်ပွင့် ကိုဝ...ကုန်နိုင် ပါ့မလား...။ (မကုန်နိုင်ပါဘုရား)။

သေသေချာချာစဉ်းစားပါ ဒကာ ဒကာမတို့၊ ဘုရား တွေက ပွင့်သွားလိုက်တာ မနည်းပါဘူး၊ ကုန်ပါတော့လား

http://www.thitsarparamisociety.com/


လို့ မေးတော့ ဒိဋ္ဌိကွာတဲ့လူ၊ ကွာနိုင်တဲ့ဉာဏ်၊ ပေးနိုင်တဲ့ ဆရာ ပေးသည့်တိုင်အောင်လဲ ယူနိုင်တဲ့ဉာဏ် ဒီနှစ်ခုဆုံဖို့ ရာ ကိုစံလှတို့ အခု ဘုန်းကြီးရဲ့ တရားနာနေရတာ ခုနစ်လ–ရှစ်လ ဒီလိုမရှိကြဘူးလား…။ (ရှိပါတယ်ဘုရား)။

အဲဒီထဲတောင်မှ တစ်ခါ တစ်ခါ ကိုယ့်ဟာက ငြိချင် ငြိနေသေးတာ…။ (မှန်ပါ့)၊ မငြိဘူးလား…။ (ငြိပါတယ် ဘုရား)။

အဲဒီတော့ သူ မလာလို့ရှိရင်လဲ နိဗ္ဗာန်သဘောကျပါ့ မလား…။ (မကျပါဘုရား)၊ ရောက်ကောရောက်နိုင်ပါ့ မလား…။ (မရောက်နိုင်ပါဘုရား)၊ မရောက်ပေဘူး၊ သူ တားမယ် ဒိဋ္ဌိက…(မှန်ပါ့)၊ မတားဘူးလား…။ (တားပါ တယ် ဘုရား)၊ တားမယ်ဆိုတာ သေချာပလား…။ (သေချာ ပါပြီဘုရား)။

အဲဒါကြောင့်…တဲ့၊ ဒကာ ဒကာမတို့ အလွန် အရေး ကြီးတဲ့ အကြောင်းကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ပစ္စယ ပရိဂ္ဂဟံ အဇ္ဈတ္တာ အညေန အာစရိယေန ဝသဏ္ဌေန" ဖွင့်လိုက်တယ်။

**ပဋိစ္စသမုပ္ပါဒ် နားလည်မှ သိမယ်**

ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ဆရာနဲ့နေမယ်ဆိုရင် ဟောဒီပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်း သိကို မသိဘူး

http://www.thitsarparamisociety.com/



တဲ့...။ (မှန်ပါ)၊ မင်္ဂရတဲ့ ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်း မသိနိုင်ပါဘူးတဲ့...။ (မှန်ပါ)။

သူ့ကို အပြစ်တင်တယ်၊ ပုဏ္ဏားကို အပြစ်တင်ပြီ ဒကာ ဒကာမတို့...။ (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ ဆရာဆီမှ မင်း မမှီ မဆည်းကပ်လို့ရှိရင် ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ် ဆိုတာ မင်း သဘောကျဖို့ ဘယ့်နှယ်နည်းနဲ့ မှ မဖြစ်ဘူး...၊ (မှန်ပါ)။

ကဲ...ကိုဝ သေချာပလား...။ (သေချာပါပြီ)၊ ကိုစံလှ ရေ...(သေချာပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာနဲ့ မင်းသည် မတွေ့ ဖူးဘူး၊ မင်းလဲ ဒီဉာဏ်ကို မပိုင်ဘူးဆိုလို့ရှိရင်ဖြင့် ဒီတကျော ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်း သိဖို အတော်ခဲယဉ်းပါတယ်တဲ့၊ သိကို မသိနိုင်ဘူး...။ (မှန်ပါ)

ဘာ နားမလည်လို့တဲ့လဲ...(ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ပါဘုရား)။

ဘယ်နားလည်လိမ့်မလဲ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင် လဲ သူ မသိဘူး...။ (မှန်ပါ)၊ ချုပ်ကြောင်းသိရင်၊ ပဋိစ္စ သမုပ္ပါဒ် အကုန်ချုပ်ရင် နိဗ္ဗာန်ကိုး...။ (မှန်ပါ)၊ ပဋိစ္စ သမုပ္ပါဒ်ဖြစ်တာ ဒုက္ခသစ္စာမှ မသိပြန်တော့လဲ နိဗ္ဗာန် ကြိုက် ပါ့မလား...။ (မကြိုက်ပါဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် အဖြစ်မသိလို့လဲ နိဗ္ဗာန်မကြိုက်၊ အချုပ်မသိလို့လဲ နိဗ္ဗာန် ရှာမတွေ့ဘူး…။ (မှန်ပါ)၊ တွေ့နိုင်ပါမလား…။ (မတွေ့နိုင်ပါဘုရား)။

အဲဒါ အင်မတန် အရေးကြီးနေတယ်ဆိုတာ သာမညနားနဲ့ ဒီတရားကို နားထောင်လို့ မဖြစ်ဘူး…။ (မှန်ပါ)၊ အင်မတန် ကြီးကျယ်တဲ့ စကားတွေဆိုတာ မောင်နိုင်… သေသေချာချာမှတ်ပါ…။ (မှန်ပါ)။

ကိုစံလှ…သဘောပါပလား…။ (ပါ,ပါပြီ)၊ ခုလိုတရားဖြန့်ကျ ဥပမာ တစ်ရက်, နှစ်ရက်လောက် လာနာတဲ့ ပုဂ္ဂိုလ်ဖြင့် မောင်နိုင်…မနာကို မနာစေနဲ့၊ နားမလည်ဘူး…။ (မှန်ပါ)။

ကိုဝ…ဘယ့်နှယ်လုပ် နားလည်မလဲ…။ (မလည်နိုင်ပါဘုရား)။

နားမလည်လို့ရှိရင်လဲ ဘာနားမလည်တာတုံးလို့ မေးကြပါတော့ဆိုရင် ဘာသာရေးကို နားမလည်တာလို့ ဆုံးဖြတ်ချက်ချ…။ (မှန်ပါ)။

ကိုစံလှ…ဘယ်လိုဆုံးဖြတ်ချက်ချမလဲ…(ဘာသာရေးကို နားမလည်တာပါဘုရား)။

ဘာသာရေးဆိုတာ ကိုယ့်ခန္ဓာ၏ ဒုက္ခသစ္စာဆိုတဲ့ ဥစ္စာမှ သူ နားမလည်ဘူး…။ (မှန်ပါ)၊ ကိုယ့်ခန္ဓာဇာတ်သိမ်းရင် နိဗ္ဗာန်ဆိုတာကော…(နားမလည်ပါဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် သူ့မှာ ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာလဲ သူ မသိ…။ (မှန်ပါ)၊ ကိုယ့်ဗုဒ္ဓဘာသာ၏ အထွတ်အထိပ် ဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ…(မသိပါဘုရား)။

မသိတော့ သူ့ခန္ဓာလဲ သူ မသိ၊ သူ့ခန္ဓာ ချုပ်ငြိမ်း ရမ်းသိမ်းတဲ့ နိဗ္ဗာန်လဲ သူ မသိလို့ရှိရင် သူ့အတွက်ဖြင့် ကိုဝ…ထည့်ကို မစဉ်းစားနဲ့…။ (မှန်ပါ)။

ဦးညိုကြီး…ထည့်စဉ်းစား အပိုပဲ…။ (မှန်ပါ)၊ ခင်ဗျား တို့ အသက်ကြီးလှပါပြီတဲ့၊ ဒီဥစ္စာသိဖို့ရာ တော်တော် ဆည်းပူးမှ ရပါတယ်…။ (မှန်ပါ)။

## ဖွဲကောင်းကောင်းနဲ့ နားထောင်လို့ သိတာ

အခုတော့ဖြင့် ဆရာသမားကလဲ အပြောကောင်း၊ ခင်ဗျားတို့ကလဲ ဖွဲကောင်းနဲ့နာလို့ ဒါ သိထားတာ…။ (မှန်ပါ)၊ နို့မဟုတ်ရင်…(မသိနိုင်ပါဘုရား)၊ ဝေးပါသေး တယ် ခင်ဗျားတို့။

ဝေးပါသေးတယ်…တဲ့၊ ဒီလို တွေ့ဖို့ ကြုံဖို့ရာ အင်မတန်ခဲယဉ်းပါတယ်ဆိုတာ အခု သေသေချာချာ ဘုရား က ဟောပါတယ်နော်…။ (မှန်ပါ)။

ဒါနဲ့ ရှင်ကြီးဂေါတမ…တဲ့၊ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတော့လဲ မမေးနဲ့၊ မသွားဘဲ နေသလား ဆိုတော့လဲ မမေးနဲ့၊သွားချီတစ်လှည့်လား၊ မသွားချီတစ်လှည့်

http://www.thitsarparamisociety.com/



လား ဆိုတော့လဲ မမေးနဲ့လို့ဘဲ ဖြေတယ်၊ ဒီလိုလဲ မဟုတ်ဘူးလို့ ဖြေပြန်တယ်၊ မသွားသည်မဟုတ်၊ သွားသည်လားလို့ မေးပြန်တော့လဲ ဒီလိုလဲ မဟုတ်ဘူးလို့ဆိုတော့ ကျုပ်မှာဖြင့် မေးစရာကုန်ပြီတဲ့၊ ဉာဏ်လဲ တုံးပါပြီဆိုတော့မှ မင်းဉာဏ်တုံးမယ်၊ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာနဲ့မှ ပေါင်းသင်း ဆက်ဆံစည်းဝေးခြင်း မရှိလို့ရှိရင်ဖြင့် ဒီ မင်း မေးတဲ့လေးချက်ဟာ...တဲ့၊ ဘယ်နည်းနဲ့မဆို ဒါ ဒိဋ္ဌိအယူချည်းဖြစ်ရမယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာထဲမှာလဲ နိဗ္ဗာန်ဆိုတာ ဘာမှ မရှိပါဘူး ယူတဲ့အယူလဲ ရှိသေးတယ်...။ (ယူပါတယ်ဘုရား)၊ တိတ္ထိအယူဗျ...အဲဒါ...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဘာအယူခေါ်ကြမယ်...(တိတ္ထိအယူပါဘုရား)၊ တိတ္ထိအယူဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

ဘယ့်နှယ်...မောင်နိုင်၊ စဉ်းစားကြည့်စမ်းပါလား၊ တိတ္ထိအယူ ဟုတ်–မဟုတ်ဆိုတဲ့ဥစ္စာ၊ ဒုက္ခသစ္စာချုပ်တယ်၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ ချုပ်တာက ဘာသစ္စာလဲ...(နိရောဓသစ္စာပါဘုရား)။

http://www.thitsarparamisociety.com/


ဟာ...ဒါဖြင့် ဒုက္ခသစ္စာချုပ်လို့ နိရောဓသစ္စာဖြစ်တဲ့ ဥစ္စာ ဘာမှမရှိတော့ဘူးဆိုတော့ ကိုစံလှ...ခက်ကရောပေါ့...။ (ခက်ပါပြီ)။

နိရောဓသစ္စာ သီးခြား နိဗ္ဗာန်ကြီး ရှိပါတယ်ဆိုလျက်သားနဲ့ ဘာမှ မဖြစ်တော့ဘူးဆိုတော့ သူသည် ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါတော့၊ ဥစ္ဆေဒဒိဋ္ဌိဘက်သွားတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်အကြောင်း သဘောကျချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် သဘောကျမှ၊ ဖြစ်ချုပ်သဘောကျမှ နိဗ္ဗာန် ကျေကျေနပ်နပ် သဘောကျမယ်...။ (မှန်ပါ)။

နို့မဟုတ်ရင် ကျနိုင်ပါ့မလား...။ (မကျနိုင်ပါဘုရား)။

## မြင်းမိုရ်တောင်အောက်က သဲ ယူပြရမှာ

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတော့မယ်ဆိုတော့ မော်င်နိုင်တို့ကို ခဏခဏ ပြောတယ်၊ မြင်းမိုရ်တောင်အောက်က မြင်းမိုရ်တောင်ကြီးဆိုတာက ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ ဒီအောက်က သဲ ယူပြရမှာဆိုတော့ ဟိုက ကိလေသာမျက်လုံးတွေနဲ့ ကြည့်မည့် ပုဂ္ဂိုလ်တွေနဲ့ ငါက ဒီဥစ္စာ ခဲခဲယဉ်းယဉ်းယူပြမှာနဲ့ ဟောပဲ မဟောချင်ဘူး ဟေ့...။ (မှန်ပါ)။

http://www.thitsarparamisociety.com/


ဖြစ်သင့်–မဖြစ်သင့် ...(ဖြစ်သင့်ပါတယ်ဘုရား)၊ သေသေချာချာဖြစ်ထိုက်တယ်ဆိုတာ မပေါ်သေးဘူးလား ...။ (ပေါ်ပါပြီ)။

အဲဒါကြောင့် အခု ဒကာမတွေ ခင်ဗျားတို့ ဉာဏ်တိမ်တယ်၊ ဒကာတွေလဲ တချို့ဉာဏ်တိမ်တယ်၊ တချို့လဲ ထက်တယ် ...။ (မှန်ပါ့)၊ များသောအားဖြင့် ဒကာမက သာပြီး ဉာဏ်တိမ်တယ် ...။ (မှန်ပါ့)၊ ကိုယ်တွေ့ရတဲ့ ကိုယ့်အခြေအနေဟာ မည်မျှလောက် ဩော် ...ငါတို့သည်ကား ... ဒါလောက်တောင် ပေပြီးသကာလ ဒီဆရာသမားဆီမှာ မိုဝဲဆည်းကပ် အမျိုးမျိုးနေလာလို့ ဒီအခြေအနေလေး ရောက်တယ်ဆိုတာ မောင်နိုင် ...မလွယ်ဘူး ...။ (မလွယ်ပါဘုရား)။

ကိုစံလှ ...လွယ်ပါ့မလား ...။ (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ ဒါမှ မသိလို့ရှိရင်လဲ ကိုယ့်ခန္ဓာ ကိုယ်မသိ၊ နိဗ္ဗာန်ကော ...(မသိပါဘုရား)၊ ကိုယ့်ခန္ဓာအဆုံးကော ...(မသိပါဘုရား)။

မသိတော့ ဒုက္ခသစ္စာလဲ မသိ၊ ဒုက္ခချုပ်တာလဲ မသိဆိုတော့၊ ဒီပုဂ္ဂိုလ် ဘယ့်နှယ်ဖြစ်နေသတုံးဆိုတော့ အနာပေါက်တာလဲ မသိ၊ အနာပျောက်မှုကိုလဲ မသိဘူးဆိုတော့ အရူးသက်သက်ပဲ ...။ (မှန်ပါ့)။

ဘယ့်နှယ် ဆိုကြမလဲ ...။ (အရူးသက်သက်ပါဘုရား)။

http://www.thitsarparamisociety.com/


အနာပေါက်တာလဲ သူ မသိဘူးဆိုတော့ ရှုးလို့ပေါ့ဗျာ...။ (မှန်ပါ့)၊ အနာပျောက်တာလဲ...(မသိပါဘုရား)၊ သူ့ကို ဘယ့်နှယ်ဆိုကြမယ်...။ (အရူးပါဘုရား)။

အဲ...ခင်ဗျားတို့ ဒီလိုသာ မတွေ့ဘူးဆိုရင် အရူးသက်သက်နဲ့ သေကြမယ်...။ (မှန်ပါ့)၊ ပုထုဇဉ်အရူးအဖြစ်နဲ့ပဲ သေကြမှာပဲ...။ (မှန်ပါ့)။

ဒီပြင်...ဘာမှ သယ်ယူပို့ဆောင်စရာ၊ ခင်ဗျားတို့အတွက် ချီးမြှင့်ထောက်ပံ့စရာ ဘာမှ မရှိဘူး၊ အရူးနဲ့ သေမှာပဲ...။ (မှန်ပါ့)။

ဒကာကြီးလှိုင်...ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် အေးအေးဆေးဆေးနဲ့ အရေးကြီးတဲ့စကားကို ပြောနေတော့ အခု ကြည့်စမ်း၊ ပုဏ္ဏားမေးတာတွေ အင်မတန် အကွက်ကျတယ်...။ (မှန်ပါ့)၊ သို့သော် သူ ဒိဋ္ဌိ လွတ်အောင် မေးနိုင်ရဲ့လား...။ (မမေးနိုင်ပါဘုရား)။

ဘယ်လို သဘောကျမလဲ၊ မင်း ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာဆီ ဆည်းကပ်မှီဝဲမှသာလျှင် ဒီ မင်း မေးတဲ့ အမေးဟာ မင်း သန္တာန် အဖြေဖြစ်မယ်တဲ့...။ (မှန်ပါ့)၊ ဒါမှ နားမလည်ရင် မင်း သန္တာန်အဖြေဖြစ်ဖို့ အတော်ခဲယဉ်းတယ်တဲ့...။ (မှန်ပါ့)။

ကဲ...ကိုပေါ် ယုံပလား...။ (ယုံပါပြီဘုရား)။

http://www.thitsarparamisociety.com/


ဘုရားကိုယ်တိုင်က ပဋိစ္စသမုပ္ပါဒ်မသိရင် ခက်တယ်လို့ ဟောနေတာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**မီးတောက် ဥပမာ**

ကိုင်း...ဒါဖြင့်ကွာ...တဲ့၊ မင်းကို ငါ...ဥပမာကလေးတစ်ခု ပြောမယ်တဲ့၊ ဥပမာကလေးတစ်ခု ပြောမယ်၊ ဟို...အရှေ့ဘက်က မီးတောက်နေတယ်ကွာ...တဲ့၊ မင်း မြင်ရဲ့လားဆိုတော့ သူက မြင်ပါတယ်...တဲ့၊ အရှေ့ဘက်က မီးတောက်နေတာ။

အေး...မှတ်ထား မီးတောက်နေတာကို၊ အဲဒီမီးဟာကွာ...ဘာမီးလို့ ဆိုမတုံး...တဲ့၊ မေးပြန်တယ်၊ အရှေ့ဘက် မီးတောက်နေတဲ့မီး ဟာ ဘာမီးလဲလို့ ဆိုမတုံး...။ (မှန်ပါ)။

အို...ဒါကတော့ ဝါးခြမ်းလောင်ရင် ဝါးမီးခေါ်ပါတယ်၊ ထင်းလောင်ရင်...(ထင်းမီးလို့ခေါ်ပါတယ်)၊ နွားချေးလောင်ရင်...(နွားချေးမီး ခေါ်ပါတယ်)၊ ဓာတ်ဆီလောင်ရင်...(ဓာတ်ဆီမီးခေါ်ပါတယ်)၊ ရေနံလောင်ရင်...(ရေနံမီးခေါ်ပါတယ်ဘုရား)။

အေး...မှတ်ထားတဲ့၊ မှတ်ထား...မှတ်ထား၊ မီးလောင်တာ မင်း သဘောကျပြီ...တဲ့။

http://www.thitsarparamisociety.com/



ဒါဖြင့်ကွာ…တဲ့၊ ဒီမီးသည်ကားလို့ဆိုရင် ငြိမ်းသွားတယ်တဲ့၊ ငြိမ်းသွားတဲ့မီးဟာ ဘယ်သွားသတုံးလို့ မင်းကို မေးရင် ပြောစမ်းပါဦးတဲ့၊ ငြိမ်းသွားတဲ့မီး ဘယ်များ သွားသတဲ့တုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ…။ (မဖြေနိုင်ပါဘုရား)၊ ငြိမ်းတာပဲ ဖြေရမယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ငြိမ်းသွားတယ်လို့ပဲ ဖြေရပါမယ်)၊ ဒို့ပြင် ဘာဖြေကြမယ်…။ (ဖြေမရပါဘုရား)။

**ဘယ့်နှယ်ကြောင့် ငြိမ်းသတုံး**

ဘယ့်နှယ်ကြောင့် ငြိမ်းသတုံးလို့ မင်းကို ဆက်မေးရင် မင်း ဘယ့်နှယ်ဖြေမတုံးတဲ့၊ မေးတဲ့အခါ ဝါးကုန်လို့ ဝါးမီးငြိမ်းတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ရေနံကုန်လို့…(ရေနံမီးငြိမ်းပါတယ်ဘုရား)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဓာတ်ဆီကုန်လို့…(ဓာတ်ဆီမီးငြိမ်းပါတယ်ဘုရား)၊ ဓာတ်ဆီမီးငြိမ်းတယ်ဆိုတော့ ဒီမှာလဲ ခန္ဓာလောင်စာကုန်လို့ ဒကာ ဒကာမတို့ ကိလေသာမီး ငြိမ်းသွားတယ်…။ (မှန်ပါ့)။

ခန္ဓာလောင်စာကုန်လို့…(ကိလေသာမီးငြိမ်းသွားပါတယ် ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်သွားတယ်လို့၊ ခန္ဓာလောင်စာ

http://www.thitsarparamisociety.com/



ကုန်လို့ ကိလေသာမီးငြိမ်းတဲ့ ရဟန္တာဖြစ်စေ၊ ဘုရားဖြစ်စေ ဘယ်သွားသတုံးလို့ မေးဖို့ လိုသေးသလား...။ (မလိုတော့ ပါဘုရား)။

ဩော်...လောင်စာသိမ်း၍ မီးငြိမ်းသွားတဲ့အဖြစ်ကို ရောက်သွားရှာပြီ...။ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်...(လောင်စာသိမ်း၍ မီးငြိမ်းတဲ့ အဖြစ် ရောက်သွားပါပြီဘုရား)။

အဲ...လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ် ရောက်သွား ပြီဆိုတော့ ကိုယ့်ခန္ဓာထဲမှာ လောင်စာနဲ့မီး တွဲနေတာ၊ ဒီမှာ ပြန်ပေါ်လာတယ်...။ (မှန်ပါ)၊ မပေါ်လာဘူးလား...။ (ပေါ် လာပါတယ်ဘုရား)။

**ခန္ဓာကြီးက လောင်စာ၊ ဇာတိ၊ ဇရာ၊ မရဏ**

ခန္ဓာကြီးက လောင်စာကိုး၊ ဇာတိ၊ ဇရာ၊ မရဏက မီးကိုး...။ (မှန်ပါ)၊ ကိလေသာတွေကကော...(မီးပါဘုရား)၊ ခန္ဓာက ဘာဖြစ်နေသလဲ...။ (လောင်စာပါဘုရား)။

ကျုပ်တို့မှာ မသိလို့သာကိုးဗျ...။ (မှန်ပါ)၊ လောင် စာနဲ့ မီးနဲ့ တဟုန်းဟုန်းတောက်နေတာ...။ (မှန်ပါ)၊ ဟို ဘုံ သွားတောက်လိုက်၊ ဒီဘုံသွားပြီးတော့...(တောက်လိုက်ပါ ဘုရား)၊ ဒီ မီးပုံကြီးချည့် သွားနေတာ မောင်နိုင်...။ (မှန်ပါ)။

http://www.thitsarparamisociety.com/



ဘယ်သူများ သွားသေးသတုံး...။ (မသွားပါဘုရား)၊ နတ်ခန္ဓာသွားကြည့်တော့ နတ်ခန္ဓာလဲ လောင်စာနဲ့ မီးလောင်နေတာပဲ...။ (မှန်ပါ့)၊ ဗြဟ္မာခန္ဓာကြီး သွားကြည့်လိုက်ပြန်တော့လဲ...(လောင်စာနဲ့မီး တောက်လောင်နေတာပါပဲဘုရား)။

လောင်စာနဲ့မီး တောက်နေတာပဲ...။(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘယ်သူမှာ သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ၊ ရချင်မှု၊ လိုချင်မှု၊ စိုးရိမ်မှုတွေဆိုတဲ့ ကိလေသာမီးက ဘယ့်နှယ်နေသလဲ...။ (လောင်ပါတယ်ဘုရား)။

အင်း...ဘယ်သူ့လောင်ပါလိမ့်မလဲ...(ခန္ဓာလောင်ပါတယ် ဘုရား)၊ ခန္ဓာလောင်စာကြီးကို လောင်တာ၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲ...ဒါဖြင့် ခန္ဓာလောင်စာကြီး လောင်နေတာကိုသိမှသာလျှင် လောင်စာသိမ်း၍ မီးငြိမ်းတာ သဘောကျမှာပေါ့...။ (မှန်ပါ့)။

**သန္တာပဋ္ဌော**

ဒါဖြင့် ဒကာ ဒကာမတွေပဲ စဉ်းစားကြည့်ပါတော့၊ ဒီဒုက္ခသစ္စာကြီး သန္တာပဋ္ဌော=ဆင်းရဲမီးဖြင့် ငြီးငြီး တောက်

**မြှောင်** အမြဲလောင်ကျွမ်းနေတဲ့ အနက်သဘောသည်လည်း

http://www.thitsarparamisociety.com/



ကောင်း ဆိုတာ မဟောသင့်ဘူးလား…။ (ဟောသင့်ပါတယ် ဘုရား)၊ ကိလေသာမီး၊ ဒုက္ခမီးတွေနဲ့ ခန္ဓာကြီး လောင်နေတယ် ဆိုတာကော ကျေနပ်ပလား…။ (ကျေနပ်ပါပြီ ဘုရား)။

အဲဒီ ခန္ဓာကြီးဟာ အကောင်း ဘယ်လိုရှာကြမတုံးလို့ ကိုဝတို့ မေးမေး၊ ကိုပေါ်တို့မေးမေး ဘယ့်နှယ်ဖြေကြမလဲ…။ (မတွေ့နိုင်ပါဘုရား)၊ နဂိုကိုက မပါဘူး…။ (မှန်ပါ)။

ဒီထင်းနဲ့ မီးဟာလဲ လောင်နေတာပဲ…။ (မှန်ပါ)၊ ရောက်ရာမှာ…(လောင်ပါတယ်ဘုရား)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)၊ ဘာဖြစ်နေတာလဲ…(ရောက်ရာမှာ လောင်နေပါတယ် ဘုရား)။

ဩော်…ဒီလို အရိယာမျက်လုံးကလေးတပ်ကြည့်လိုက်တော့ မောင်နိုင် ဖြစ်လိုက်–ပျက်လိုက်၊ ဖြစ်လိုက်–ပျက်လိုက်ဆိုတော့ ဖြစ်တာလဲ ဖြစ်တာပဲ၊ မီးလောင်ပြန်ပျောက်ပြန်တာလဲ မောင်နိုင် ဒီခန္ဓာကြီးဟာလေ…(မှန်ပါ)၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ ဒီဟာပဲ ကိုဝရဲ့…။ (မှန်ပါ)၊ ဖြစ်တာက လောင်စာပေါ်တာပဲ၊ ပျက်တာက လောင်စာပျောက်သွားပြန်တာပဲ…။ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်…။ (ဖြစ်တာက လောင်စာပေါ်တာပါဘုရား)။

http://www.thitsarparamisociety.com/



ဖြစ်တာက လောင်စာပေါ်လာတာလေ…။ (မှန်ပါ့)၊ ပျက်တာက ဘာပါလိမ့်…။ (လောင်သွားတာပါ)၊ လောင်လို့ အလောင်ခံပြီးသကာလ ပျောက်သွားပြန်တာပဲ…။ (မှန်ပါ့)။

နောက်တစ်ခါ လောင်စာပေါ်ပြန်ပြီ၊ နောက်တစ်ခါ ပျောက်ပြန်ပြီ၊ သူ့မီးနဲ့ သူ လောင်လို့…။ (မှန်ပါ့)။

အဲဒီတော့ သံသရာထဲမှာ တပည့်တော်တို့ ဘာဖြစ်ခဲ့သတုံး၊ ညာဖြစ်ခဲ့သတုံးလို့ ဒကာ ဒကာမတွေက မေးခဲ့လို့ရှိရင် လွဲကြပါလိမ့်မယ်နော်…။ (မှန်ပါ့)၊ ဘာမှ မဖြစ်ဘူး၊ ဒကာ ဒကာမတို့ မီးလောင်နေတဲ့အဖြစ်နဲ့ အချိန်ကုန်ခဲ့ရတာပဲ…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)။

ဘာနဲ့ အချိန်ကုန်ခဲ့ရသလဲ…။ (မီးလောင်နေတဲ့အဖြစ်နဲ့ အချိန်ကုန်ခဲ့ရပါတယ်ဘုရား)။

ဒါက အရိယာမျက်လုံးတပ်ပေးမှ သိတာကိုးဗျ…။ (မှန်ပါ့)၊ အရိယာမျက်လုံးသာ တပ်မပေးဘူးဆိုရင်တော့… (မသိပါဘုရား)၊ ဘယ်နည်းနဲ့မှ မသိဘူးဆိုတာ ပေါ်ကြပလား…။ (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ခုနင်က ပြောခဲ့တဲ့ ရှစ်ချက်ဟာ မောင်နိုင်ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်က သေသေချာချာ သူ ရှင်းပါတယ်၊ ဩော်…အဖြစ်ရှိလို့ အပျက်ရှိတာပဲလို့ မလာဘူးလား…။ (လာပါတယ်ဘုရား)။

ဖြစ်တာတွေက လောင်စာပေါ်တာ၊ ပျက်တာတွေက လောင်လို့ ပြောင်တာ...။ (မှန်ပါ)။

ဖြစ်တာသည်...(လောင်စာပေါ်တာပါဘုရား)၊ ပျက်တာသည်...(လောင်လို့ ပြောင်တာပါဘုရား)။

လောင်လို့ပြောင်တာဆိုတော့၊ ဩော်...ဘယ်အချိန်များ အားပါလိမ့်မတုံး မောင်နိုင်ရ...(ဘယ်အချိန်မှ မအားပါဘုရား)။

**ခန္ဓာသဘော**

ဒီလိုသိတော့မှ ဩော်...သန္တာပဏ္ဏော=ကိလေသာမီး, ဒုက္ခမီးတို့သည် ငြီးငြီးတောက်လောင်အမြဲ လောင်ခံနေရတဲ့ ခန္ဓာသဘောပါကလား...။ (မှန်ပါ)၊ မပေါ်လာသေးဘူးလား...။ (ပေါ်လာပါပြီ)၊ ခန္ဓာသဘောလေ...။ (မှန်ပါ)။

နောက်က ဒကာ ဒကာမတွေ ခန္ဓာသဘောက ကိလေသာ မီးရယ်၊ ဒီ ဒုက္ခ, ဇာတိ,ဇရာ, မရဏမီးတွေနဲ့ ရောပြီး လောင်နေတယ်၊ ဒီခန္ဓာကြီးမှာလေ...။ (မှန်ပါ)၊ ဒီ့ပြင်ဘာများ ရှိသေးသတုံး...။ (မရှိပါဘုရား)။

အဲဒါတွေ မြင်တော့မှ ကိုဝ စိတ်ထဲမှာဖြစ်စေ၊ ကိုပေါ် စိတ်ထဲမှာဖြစ်စေ၊ ဩော်...လောင်စာသိမ်း၍ မီးငြိမ်းတာ ကြိုက်ပါတော့တယ်...။ (မှန်ပါ)၊ လာမလား၊ မလာဘူးလား...။ (လာမှာပါဘုရား)။

**နိဗ္ဗာန်ပေါ်လာတယ်**

အဲဒါ ဒုက္ခသစ္စာသိလို့...။ (မှန်ပါ့)၊ ဖြစ်ပျက် ဒုက္ခသစ္စာသိလို့ လောင်စာသိမ်း၍ မီးငြိမ်းတာ ကြိုက်ပါတော့တယ်ဆိုတော့ နိဗ္ဗာန်ပေါ်လာတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် လောင်စာနဲ့မီး တထိန်ထိန် တငြီးငြီးလောင်နေတာမှ ဖြစ်ပျက်ကို မမြင်ကြလို့ရှိရင် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကို မောင်နိုင်...ဘယ်သူ သဘောကျမလဲ...။ (မကျနိုင်ပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ခက်တယ်ဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဒီ လောင်စာနဲ့ မီးလောင်နေတဲ့ ပဋိစ္စသမုပ္ပာဒ်ကြီးကိုကိုဝ...မရှင်းသရွေ့ကာလပတ်လုံး ပုဏ္ဏားလို ဖြစ်နေမှာပဲ...။ (မှန်ပါ့)။

**ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး**

လောင်တဲ့ ပုဂ္ဂိုလ်လောင်၊ ခုနင်က ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဥပါဒါန်ချုပ်ဆိုတာ မီးသိမ်းတာပေါ့ကွာ...။ (မှန်ပါ့)၊ ဒီ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး...လို့ သူ မေးမှာပဲ၊ မသွားဘဲနေသလား မမေးပေဘူးလား...။ (မေးပါတယ်ဘုရား)၊ သွားချီတစ်လှည့်၊ မသွားချီတစ်လှည့်လား...။ (မေး

http://www.thitsarparamisociety.com/



မှာပါပဲ)၊ မသွားသည် မဟုတ်၊ သွားသည်လို့ ယူရမှာလား...။ (မေးမှာပါပဲဘုရား)၊ မေးနေမှာပဲ၊ သူ ဘာကြောင့်တုံး၊ ဟောဒီ ပဋိစ္စသမုပ္ပါဒ် သူ သဘောမကျလို့၊ ကျသေးရဲ့လား...။ (မကျပါဘုရား)၊ လောင်စာပေါ်လိုက်၊ လောင်လိုက်ကို သူ မြင်သေးရဲ့လား...။ (မမြင်ပါဘုရား)။

မမြင်တော့ ဒီဘက်နိဗ္ဗာန်ကို ဘယ့်နှယ်လုပ်ပြီး သဘောကျမလဲ...။ (မကျပါဘုရား)၊ ရှင်းပလား ဒကာ ဒကာမတို့...(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ခန္ဓာဟာ လောင်စာ...။ (မှန်ပါ့)၊ ကိလေသာမီးနဲ့ ဇာတိ, ဇရာ, မရဏတွေက မီး...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဒါဖြင့် လောင်စာနဲ့မီး ကျုပ်တို့မှာ၊ တစ်သံသရာလုံးမှာ အမြဲခွဲမရဘူး...။ (မှန်ပါ့)၊ ရခဲ့ကြသလား...။ (မရခဲ့ပါဘုရား)။

အဲဒါ အရိယာမျက်လုံး တပ်မကြည့်တဲ့ ဒကာ ဒကာမတွေကျတော့ အရတော်လေစွ...လူ့ဘဝ အရတော်လေစွ... သိတော့ သေသေချာချာကြည့်တော့ အရိယာမျက်လုံး မပါရင်တော့ အရတော်လေစွ...(မှန်ပါ့)၊ အရိယာမျက်လုံးဆိုတဲ့ ဖြစ်ပျက်မျက်လုံးကို တပ်ကြည့်ပါတဲ့၊ ဘယ့်နှယ်ဖြစ်နေသတုံး...။ (လောင်စာနဲ့ မီးပါဘုရား)၊ တဟုန်းဟုန်းတောက်နေတယ်...။ (မှန်ပါ့)၊ တောက်လိုက်–ပြောင်လိုက်၊ လောင်

http://www.thitsarparamisociety.com/


လိုက်–ပြောင်လိုက်၊ ဖြစ်ပေါ်လိုက်–ပြောင်လိုက်၊ ဒီလိုချည့် မနေဘူးလား…။ (နေပါတယ်ဘုရား)။

အဲဒီလို နေတာမြင်တော့မှ တော်ပြီ တန်ပြီဆိုပြီး ငြီးငွေ့တဲ့ဉာဏ်တွေ၊ သူ့ကိုဖြင့် မလိုချင်တော့ပါဘူးဆိုတဲ့ မဂ်ဉာဏ်တွေ ပေါ်လာတာ…။ (မှန်ပါ့)။

**ရိုးရာကြိုက် နိဗ္ဗာန်**

ဒါဖြင့် ဒုက္ခသစ္စာ ပဋိစ္စသမုပ္ပါဒ်ကြီးကို ပိုင်ပိုင်နိုင်နိုင် မသိတဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ကို ဘယ်လိုဟောဟော သဘော မကျဘူး…။ (မှန်ပါ့)၊ ရိုးရာဖြင့် ကြိုက်ပါလိမ့်မယ်၊ သည်းခြေကြိုက်တော့ မဖြစ်နိုင်ဘူး…။ (မှန်ပါ့)၊ ဖြစ်နိုင် ပါ့မလား…။ (မဖြစ်နိုင်ပါဘုရား)။

**သည်းခြေကြိုက် နိဗ္ဗာန် မဖြစ်နိုင်**

ဒါကြောင့် ခုင်ဗျားတို့ မြို့ထဲကို စုံစမ်းကြည့်ပါ…တဲ့၊ မင်း နိဗ္ဗာန်ကြိုက်ပုံ ပြောစမ်းပါဦးကွ…ဘယ်အပြစ်မြင်လို့ ကြိုက်တာတုံးဆိုတော့ မပြောတတ်ဘူး…။ (မှန်ပါ့)၊ ပြော တတ်ပါ့မလား…။ (မပြောတတ်ပါဘုရား)။

မင့်ခန္ဓာကြီးဟာ ဘယ်အပြစ်မြင်နေလို့ မင်းက နိဗ္ဗာန် ကြိုက်တာတုံးလို့ မေးတဲ့အခါကျလို့ရှိရင် သူ ဘယ်အပြစ်မှ ဖော်နိုင်မှာ မဟုတ်ဘူး…။ (မှန်ပါ့)၊ ဒါဖြင့် သူ ရမ်းကြိုက် မှန်းကြိုက် ဖြစ်နေမှာ…။ (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဒီ အပြစ်တွေကို မြင်လို့ ကျုပ်...နိဗ္ဗာန် ကြိုက်ပါတယ်လို့ လက်ညှိုးထိုး ပြောနိုင်ပါ့မလား...။ (မပြောနိုင်ပါဘုရား)။

ဘာပြောနိုင်မတုံး၊ သူ့မှာ အရိယာမျက်လုံး ရှိသလား...။ (မရှိပါဘုရား)၊ မရှိတဲ့ပုဂ္ဂိုလ်က ပြောတာ၊ ကိုဝတို့က အတည်ပြုလို့ တော်ပါ့မလား...။ (မတော်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကံကောင်း...အကြောင်းသင့်လေရဲ့ဆိုတဲ့စကား သုံးသင့်...မသုံးသင့်...(သုံးသင့်ပါတယ် ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဆုံးတော့ မဆုံးဘူး မောင်နိုင်...တော်ကြဦးစို့...။ (မှန်ပါ့)။

သာဓု...သာဓု...သာဓု...။